# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ စနေနေ့။ Saturday, 10 August 2024 ၁၁၅၄၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

## ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၁၆၉၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်ထိ ဧက ၁၆၉၅၀ စိုက်ပျိုးပြီးစီး

ကျွန်းလှ ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးရန် ၁၆၉၅၃ ဧက လျာထားပြီး လက်ရှိအချိန်ထိ ပဲစင်းငုံ ၁၁၅၃၅ ဧကနှင့် ပဲတီစိမ်း ၅၄၁၅ ဧက စုစုပေါင်း ဧက ၁၆၉၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❈



ကျိုက်မရောမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## ကျိုက်မရောမြို့နယ်၌ ယခုနှစ်မိုးစပါး ၃၂၁၆၉ ဧက စိုက်ပျိုးပြီးစီး

ကျိုက်မရော ဩဂုတ် ၉

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရန် ၅၆၀၁၂ ဧက လျာထားဆောင်ရွက်လျက်ရှိပြီး ဇူလိုင် ၃၁ ရက်အထိ မိုးစပါး ၃၂၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆

ယနေ့ ဖတ်စရာ


အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ
ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် အစီကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ် ဆောင်ရွက်

စာမျက်နှာ » ၃

နိုင်ငံတော်၏ ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၅

အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်

ဆောင်းပါး

စာမျက်နှာ » ၆

ကြေးမုံ

# စာနာထောက်ထားမေတ္တာတရားဖြင့် ဖေးမကူညီ

ဘေးဒုက္ခသင့်နေသော နေရာဒေသများမှပြည်သူများ၏ဘဝအခြေအနေများနှင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြရသော ပြည်သူများ၏ ဘဝအခြေအနေများမှာ သိသာစွာကွာခြားလျက်ရှိသည်။ ယင်းကို ကိုယ်တိုင်ကြုံတွေ့နေကြရသူများနှင့် စာနာကြသူများ နားလည်ကြမည်ဖြစ်သည်။ လက်ရှိအခြေအနေတွင် စစ်ဘေး စစ်ဒဏ် ကြုံတွေ့ကြရသည့် ပြည်သူများနှင့် ရေကြီးရေလျှံသဘာဝဘေး ကြုံတွေ့ကြရသော ပြည်သူများစွာရှိနေသည်။

လက်ရှိကာလတွင် သဘာဝအခြေအနေအရလည်းကောင်း၊ လူသားများက ဖန်တီးသည့် လောဘ၊ ဒေါသ၊ မောဟများကြောင့်လည်းကောင်း လူတို့၏ လွတ်လပ်ခွင့်၊ အသက်ရှင်သန်ခွင့်၊ လူတစ်ဦးချင်းအလိုက် လုံခြုံခွင့်တို့ကို ထိခိုက်စေသော အကြောင်းကိစ္စအမျိုးမျိုးဖြစ်ပေါ်နေသည်။ မြန်မာနိုင်ငံရှိပြည်သူအချို့အနေဖြင့်လည်း သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသူများရှိသလို တရားဥပဒေစိုးမိုးရေးနှင့်ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကို ကြုံတွေ့နေရသည်။

အထူးသဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံအပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ထိခိုက်ဆုံးရှုံးပျက်စီးလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ် ကြားသိနေရသည်။ လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများမှာ မိမိတို့၏ အိုးအိမ်နှင့် ပိုင်ဆိုင်မှုများကို စွန့်လွှတ်ပြီး နေရင်းဒေသရပ်ရွာများမှ စွန့်ခွာတိမ်းရှောင်နေကြရသည်။ နေရပ်စွန့်ခွာရန် အခွင့်အရေးမပေးသူ ဒေသခံများအနေဖြင့် နေရင်းဒေသများတွင်ပင် နေ့စဉ်နှင့်အမျှ စိုးရိမ်ပူပန်မှုများစွာဖြင့် နေထိုင်ကြရသည်။ အဆိုပါပြည်သူများအား ကိုယ်ချင်းစာနာဝိုင်းဝန်းကူညီကြရမည်ဖြစ်သည်။

နေရပ်စွန့်ခွာတိမ်းရှောင်ရသော ပြည်သူများတွင် ငွေကြေးတတ်နိုင်သူများ၊ အခြားအရပ်တစ်ပါးတွင် ဆွေမျိုးသားချင်းရှိသူများအနေဖြင့် အခက်အခဲကြီးကြီးမားမားရှိမည်မဟုတ်သော်လည်း ငွေကြေးမတတ်နိုင်သူများ၊ တစ်နေ့လုပ်မှတစ်နေ့စားနေရသည့် အခြေခံလူတန်းစားများ၏ဘဝမှာ တွေးကြည့်ရုံနှင့် ရင်လေးဖွယ်ဖြစ်သည်။ အားကိုးရာမဲ့၊ ကူရာကယ်ရာမဲ့သည့် ပြည်သူများ၏ဘဝအတွက် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရသည်။ သေဆုံး၊ ထိခိုက်၊ ဒဏ်ရာရကြသူများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၏ဘဝများကို စာနာထောက်ထားမေတ္တာထားပြီး ဖေးမကူညီပေးကြပါရန် မေတ္တာရပ်ခံပါသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားသည်နှင့် ဒေသခံပြည်သူများမှာ ဘေးဒုက္ခအခက်အခဲများကြုံတွေ့ပြီး အခွင့်အရေးများ ဆုံးရှုံးသွားသည်။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာသွားကြသည့် ပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်အလိုက် လုံခြုံမှုအခွင့်အရေး စသည့်မူလအခြေခံအခွင့်အရေးများစွာ ထိပါးဆုံးရှုံးသွားခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခဟူသည် ချက်ချင်းပြီးဆုံးသွားသည်မရှိဘဲ အချိန်ကာလအနည်းအများအလိုက် ဖြစ်ပေါ်နေမည်ဖြစ်၍ ထိုဒေသရှိပြည်သူများ၏အနာဂတ်မှာ အမှောင်အတိကျသကဲ့သို့ဖြစ်လျက်ရှိသည်။

လူတို့အနေဖြင့် ယုံကြည်ကိုးကွယ်ရာ ဘာသာအရလည်းကောင်း၊ နားလည်သိမြင်မှု ဉာဏ်ပညာအဆင့်အတန်းအရလည်းကောင်း လူလူချင်းစာနာထောက်ထားမှု၊ မေတ္တာတရားထားမှု၊ ဖေးမကူညီပေးမှု အနည်းအများရှိမည်ဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၃)တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိသည်"ဟု ဖော်ပြထားသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါ ရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံအခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍မရသော အခွင့်အရေးဖြစ်သည်ဟု ဆိုထားသည်။ အဆိုပါ လူ့အခွင့်အရေးကြေညာစာတမ်းနှင့်အညီ ဘေးဒုက္ခကြုံတွေ့နေရသော လူသားများကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။

အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော လက်နက်ကိုင်ပဋိပက္ခများကြားတွင် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံ၊ ဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုရန် လိုအပ်ပါသည်။ အပြစ်မဲ့ပြည်သူများကို ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်း၊ အဓမ္မပြုလုပ်ခြင်းမပြုလုပ်ရန် လိုပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကိုဆန့်ကျင်လျက်ရှိသဖြင့် ဒေသခံပြည်သူများအပေါ် အန္တရာယ်ကြီးစွာကျရောက်နိုင်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂက ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အလေးထားလိုက်နာပြီး အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်ကို အလေးထားကူညီစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## International Youth Day

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်များရဲ့ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဖြင့် ဖော်ဆောင်ပေး"

"From Clicks To Progress: Youth Digital Pathways For Sustainable Development"

၁၂-၈-၂၀၂၄ ရက်နေ့ (တနင်္လာနေ့) ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)

# အင်းစိန်မြို့နယ်၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ အသိပညာပေးဆွေးနွေး

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက စတင်ကာ အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်မှ Shinsung Tongsang Intl Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အောင်ဆန်းရပ်ကွက်မှ K Won & MICC Co.,Ltd အထည်ချုပ်စက်ရုံ၊ ရွှေပြည်သာစက်မှုဇုန် (၄) မှ SONO Myanmar Co.,Ltd အထည်ချုပ်စက်ရုံနှင့် JOC Myanmar Knitwear Co.,Ltd အထည်ချုပ်စက်ရုံတို့တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ သင်ထောက်ကူမော်တော်ယာဉ်ဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များနှင့် အလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များဆိုင်ရာ အသိပညာများကို လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မမလေးနှင့် ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်စိုး (ဥပဒေစစ်ဆေးရေး) တို့က လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များ၊ အလုပ်သမားများ၏ ဥပဒေပါ ရပိုင်ခွင့်များဖြစ်သော အလုပ်ချိန်၊ နားချိန်၊ နားရက်၊ အချိန်ပိုကိစ္စရပ်များ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်ဆိုင်ရာ ကိစ္စရပ်များနှင့် လုပ်ခလစာနှင့်ပတ်သက်သည့် ကိစ္စရပ်များအား အကျယ်တဝင့်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၂၈၉ | ၂,၅၉၅,၁၀၀ |
| MTSH | ၃,၄၅၀ | ၃,၃၀၀ | ၁,၁၇၁ | ၃,၉၈၀,၅၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၅ | ၄၂,၀၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၈,၀၆၀ | ၁၄,၄၂၀,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၁ | ၅၈,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၁၆၆ | ၂၈၈,၂၅၀ |
| AMATA | ၄,၅၀၀ | ၄,၆၀၀ | ၂၂ | ၁၀၁,၁၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၀၀ | ၁,၂၇၈ | ၄,၂၅၅,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ ယာဉ်တိုက်မှုလျှော့နည်းကျဆင်းရေးအတွက် အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ်ဆောင်ရွက်





အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ (National Road Safety Council – NRSC)၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ပြည်ထောင်စု ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာအကြီးအကဲ များနှင့် တာဝန်ရှိသူများတက် ရောက်ကြပြီး ကောင်စီအဖွဲ့ဝင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူ များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ယနေ့ ကျင်းပသည့် အစည်းအဝေးသည် အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီကို ပြင်ဆင်ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ပြီးနောက် တတိယအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယခင် နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ တစ်ဝန်းဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက် မှုအခြေအနေများကို သုံးသပ် ဆွေးနွေးပြီး ယခုနှစ်စီမံ ဆောင်ရွက်သင့်သည့် အချက်များ၊ ယာဉ်တိုက်မှု လျှော့နည်းကျဆင်း ရေးအတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan(2021–2030) လုပ်ငန်းစီမံ ချက်ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည် မပြတ်ဆောင်ရွက်ရမည့် ကိစ္စရပ် များ၊ ယခင်နှစ်အစည်းအဝေး ဆုံးဖြတ်ချက် များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက် ပြီးစီးခဲ့မှုများနှင့် ယခင်နှစ်များ ထက် ပိုမိုတိုးတက်အောင်မြင် အောင် ကြိုးပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များကို ဖော်ထုတ် ချမှတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ် ၍ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကဏ္ဍ၌ ရေရှည်အထောက်အကူ ပြု လွှမ်းခြုံဆောင်ရွက်နိုင်စေရေး အတွက် မြန်မာနိုင်ငံယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းစီမံချက် (၂၀၂၁–၂၀၃၀) ကို ကဏ္ဍကြီး (၈)ရပ်၊ လုပ်ငန်းစဉ်ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ် ထားပြီးဖြစ်ပါကြောင်း၊ NRSCက ချမှတ်ထားသည့် Quick Win အစီအမံ(၅)ရပ်နှင့် လုပ်ငန်းစီမံ ချက်(၂၀၂၁– ၂၀၃၀) တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး မဏ္ဍိုင်ကြီး(၅)ရပ်ဖြစ်သည့် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကြီးကြပ်မှု (Road Safety Management)၊ ပိုမို အန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်း သောယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်း အသုံးပြုသူများ (Safer Road Users)နှင့် ယာဉ်တိုက်မှုဖြစ်ပြီး ပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post–Crash Response) တို့ အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ Voluntary Tar- gets ၁၂ ချက်ကိုပါ အခြေခံ၍ ပြုစု ရေးဆွဲ ချမှတ်ထားခြင်းဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ယာဉ် အန္တရာယ် ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသ ကြီး/ ပြည်နယ်ကောင်စီများ အနေဖြင့် လုပ်ငန်း Guidelines သဖွယ်ဖြစ်သည့် Quick Win အစီအမံများနှင့် Action Plan ပါ ရေတို/ရေရှည် လုပ်ငန်းစီမံချက် များကို အထူးအလေးထား ဆက်လက် ကြိုးပမ်းဆောင်ရွက် သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း ရေးကောင်စီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးစီမံချက် National Road Safety Action Plan (2021–2030)ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက် လုပ်ငန်းစဉ်များနှင့် Quick Win အစီအမံ (၅) ရပ် အပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စဉ်များနှင့် ဆက်လက်ဆောင်ရွက် သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ အတွင်း ရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်း ရေးကောင်စီ၏ နှစ်ချုပ်အစီရင် ခံစာနှင့် Global Status Report on Road Safety (2023) ပါ ကမ္ဘာ လုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ် မတော်တဆမှု လေ့လာတင်ပြ ချက်များကို သုံးသပ်လျက် ကမ္ဘာ တစ်ဝန်း ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ် နောက်ပိုင်း ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ် နောက်ပိုင်းမှစ၍ နှစ်စဉ် ဆက်တိုက် ကျဆင်းလျက်ရှိ ကြောင်း၊ လူဦးရေ တစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှု ကြိတ်နှုန်းသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံ၌ ၅ ဒသမ ၇၁ ဦး နှုန်း အထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာ တစ်ဝန်းနှစ်ဘီး၊ သုံးဘီးတပ်ယာဉ် တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းသာ ရှိသော်လည်း အရှေ့တောင်အာရှဒေသ နိုင်ငံများ ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်း ရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပထမ ၁၀ စုနှစ် ဖြစ်သော ၂၀၁၁ မှ ၂၀၂၀ ပြည့်နှစ် အထိ ကာလအတွင်း ရည်မှန်း ချက်ဖြစ်သည့် တွက်ချက်မှုအခြေခံ နှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက် ခိုက်မှု ဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းအား ၂၀၂၀ ပြည့် နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေး ရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံ အများစုမှာ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ Five Key Risk Factors နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက် များနှင့်အညီ ဆောင်ရွက် လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေး ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော် မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေး ဆပ်ကော်မတီနှင့် ဘဏ္ဍာရေး ဆပ်ကော်မတီ တို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်း ဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆပ်ကော် မတီများအလိုက် ဆောင်ရွက်ပြီးစီး မှုများကို လည်းကောင်း၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူ များက NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီအမံ (၅) ရပ်အပေါ် အကောင်အထည်ဖော် ဆောင်ရွက် မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှု၊ စနစ်တကျ စောင့်ကြည့်မှု၊ အရေးယူ ဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ယာဉ်အန္တရာယ် ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက် ရမည့် အချက်များအား ပြည်သူ များသိရှိနိုင်ရေး အသိပညာပေး ဆောင်ရွက်ထားရှိမှု၊ ရှေးဦးပြုစု ခြင်း သင်တန်းများဖွင့်လှစ်ပေးမှု နှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်း ရေး အသိပညာပေးဆောင်ရွက်မှု၊ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများပြင်ဆင်ဆောင်ရွက် ထားရှိမှုကိစ္စရပ်များကို ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် အမျိုးသား ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်း ဆွေးနွေးတင်ပြချက် များအပေါ် ပေါင်းစပ်ညှိနှိုင်း ပေးပြီး နိဂုံးချုပ်အမှာစကားပြော ကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❈ **ရှေ့ဖုံးမှ**

ကျွန်းလှမြို့နယ်တွင် ရာသီအလိုက် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ် လျက်ရှိရာ ယခုနှစ်မိုးရာသီစိုက်ပျိုးသော ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

“ဒီနှစ် မိုးရာသီမှာ ပဲစင်းငုံ သုံးဧကကို မြေပဲနဲ့ သီးညှပ်စိုက်ပျိုးထား ပါတယ်။ အရင်နှစ်က ပဲစင်းငုံဈေးကောင်းတော့ တောင်သူတွေသီးသန့် လည်း စိုက်ပျိုးကြပါတယ်။ အခုအခါ နောက်မိုးရွာတဲ့အတွက် ပဲစင်းငုံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေပါတယ်” ဟု မန်ကျည်းအင်းကျေးရွာ ပဲစင်းငုံသီးနှံစိုက်တောင်သူတစ်ဦးက ပြောသည်။

**အသိပညာပေး**

အဆိုပါ ပဲစင်းငုံစိုက်ပျိုးသည့် တောင်သူများအား ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသရာသီဥတုနှင့် ကိုက်ညီသည့် အထွက် နှုန်းကောင်း မျိုးကောင်းမျိုးသန့်များရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရ သည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၉**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E .Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန်များ ထုတ်လွှင့်နိုင်ရေး၊ အိန္ဒိယနိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အအုံကို စက်တင်ဘာလတွင် မဂ်လာပန္နက်တင်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ ခရီးသွားမြှင့်တင်ရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမင်းမင်း ဘင်းမ်စတက် စီးပွားရေး ထိပ်သီးအစည်းအဝေး တက်ရောက်

**နေပြည်တော် ဩဂုတ် ၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် ဘင်းမ်စတက် စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ ဘင်းမ်စတက်စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို ပိုမိုကောင်းမွန်သော ကုန်သွယ်မှုနှင့် စီးပွားရေးအလားအလာများအတွက် မဟာဗျူဟာမြောက် ပေါင်းစည်းနိုင်ရေး ဆွေးနွေးရန်နှင့် စီးပွားရေးအတွက် လွတ်လပ်ပြီး လွယ်ကူချောမွေ့သော ပတ်ဝန်းကျင်ကို ဖန်တီးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်ညနေ ၆ နာရီတွင် နယူးဒေလီမြို့ရှိ Hotel Taj Palace ၌ ကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါဘီတျာမာဂါရစ်တာ (Pabitra Margherita) က တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဘင်းမ်စတက် စီးပွားရေးဝန်ကြီးများအဆင့် မျက်နှာစုံညီအစည်းအဝေးကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ဘင်းမ်းစတက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များဖြစ်သည့် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာပိုင်ရတ်ရှ်ဂိုရယ်လ်၊ နီပေါနိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဒါမိုဒါဘန်ဒါရီ၊ ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဆူချာ့တ် ချုံကလင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် မစ္စတာ အင်ဒရာမာနီပန်နေး၊ ဘူတန်နိုင်ငံ စက်မှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် အလုပ်အကိုင်ဝန်ကြီးဌာန စက်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာချိုင်းမ်ရှရင်း၊ အိန္ဒိယနိုင်ငံဆိုင်ရာသီရိလင်္ကာနိုင်ငံ သံအမတ်ကြီး မစ္စစ်ရှန်နူကာ ဆန်နာဝါရ်ိတနာ (Mrs. Kshenuka Senewiratne) နှင့် အိန္ဒိယစက်မှုလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ မစ္စတာ ဆန်ဂျီးဗ်ပူရီနှင့် ညွှန်ကြားရေးမှူးချုပ် မစ္စတာချန်ဒ္ဒါဂျီဘန်းနားဂျီ တို့နှင့်အတူ ဒုတိယဝန်ကြီး ဦးမင်းမင်းတို့က ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရေးအတွက် အမှာစကားများ ပြောကြားခဲ့သည်။



ဒုတိယဝန်ကြီးက ပြောကြားရာတွင် လက်ရှိကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးရာ မရေရာမှုများကြောင့် အခက်အခဲများကြုံတွေ့နေရသည့် အချိန်တွင် ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများအနေဖြင့် ယင်းစိန်ခေါ်မှုအခက်အခဲများကို အခွင့်အလမ်းများအဖြစ် ရင်ဆိုင်ကျော်ဖြတ်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ကာကွယ်ရေးဝါဒ၊ ရာသီဥတုဆိုင်ရာ ကိစ္စရပ်များနှင့် စွမ်းအင်လုံခြုံရေး စသောစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည့် ယနေ့ခေတ်ကြီးတွင် ဒေသတွင်းပေါင်းစည်းမှုသည် ရွေးချယ်စရာ မဟုတ်တော့ဘဲ အမျိုးသားမူဝါဒတစ်ခု၏ မရှိမဖြစ်အစိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်သည် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်ရေး လိုအပ်နေချိန်ဖြစ်ပြီး ယင်းကို အပြီးသတ်ဆောင်ရွက်နိုင်ရန်အတွက် အရှိန်မြှင့်လုပ်ဆောင်ရန်လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်၏ စိုက်ပျိုးရေးနှင့် စားရေရိက္ခာဖူလုံရေးကဏ္ဍတွင် ဦးဆောင်နိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘင်းမ်စတက်ဒေသတွင်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်၏ အစောပိုင်းနိုင်ငံတကာ အသွင်ကူးပြောင်းရေး၏ အလားအလာရှိသော ရလဒ်အချို့ဖြစ်သည့် စီးပွားရေးကွဲပြားမှု၊ စီးပွားရေးတိုးတက်မှုနှင့် စီးပွားရေး ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးပြောကြားခဲ့သည်။

ယခုကျင်းပသည့် ဘင်းမ်စတက်စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသည် ကဏ္ဍကြီး ငါးခုနှင့် နိုင်ငံအလိုက်ဆွေးနွေးပွဲများဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်တန်းနှင့် ပင်လယ်ပြင်ဒေသအခြေပြု စီးပွားရေးတွင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုကဏ္ဍ၌ စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် သဘာဝဓာတ်ငွေ့ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ဇော်မြင့်က လည်းကောင်း၊ ဘင်းမ်စတက်ဒေသတွင်း ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကဏ္ဍတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ အလုပ်အမှုဆောင်အရာရှိ ဒေါ်လှလှရီက လည်းကောင်း၊ အမျိုးသမီး စီးပွားစွမ်းအားမြှင့်တင်ခြင်း အစီအစဉ်တွင် UMFCCI မှ အထွေထွေ အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးကွင်းဆက်တွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချောမွေ့သောဂေဟစနစ်ကို ဖန်တီးခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင်အရာရှိ ဦးထွန်းထွန်းနိုင်က လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်းကဏ္ဍတွင် UMFCCI မှ ဗဟိုအလုပ်အမှုဆောင် အရာရှိ ဒေါ်နန်းကလျာဝင်းက လည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ယခုအစည်းအဝေးသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် အပါအဝင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ ကုန်သည်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မူဝါဒရေးရာ လေ့လာရေးအဖွဲ့များ၊ သုတေသနအဖွဲ့အစည်းများနှင့် ကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့ပြီး စီးပွားရေး လုပ်ငန်းရှင်များအကြား ချိတ်ဆက်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲနှင့် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၉

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၄၂) နယ်စပ်ရေးရာဝန်ကြီးဌာန ရုံးဝင်းအတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လျှိုပိတ်ဆည်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြား၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်နှင့် မန်ကျည်းပင် ၃၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးပြီး ယခုနှစ်၏ ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် သေဆုံးမှုများအတွက်ပြန်လည် အစားထိုးစိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက် ကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန တစ်ခုလုံးအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း ပထမအကြိမ်၌ အပင် ၁၂၇၀၀၊ ဒုတိယအကြိမ်၌ ၉၉၅၂ ပင်နှင့် ယခုတတိယအကြိမ်၌ ၁၀၇၀၈ ပင် စုစုပေါင်း သစ်ပင် ၃၃၃၆၀ တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်၏ ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၉

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနသည် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ဖိတ်ကြား၍ နိုင်ငံတော်၏ ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) ဆိုင်ရာ အခြေခံအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁) ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ ဝန်ကြီးဌာနရှိ ဝန်ထမ်းများအားလုံးသည် စီးပွားရေး၊ နိုင်ငံခြားဆက်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘာသာရပ်များကို အသုံးချကာ ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဦးတည်ဆောင်ရွက်ရာတွင် ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) နှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ကမ္ဘာ့စီးပွားရေးဖြစ်ပေါ် တိုးတက်မှုစနစ်သည် အဓိကအားဖြင့် လူသားများ၏ လိုအပ်ချက်ဖြစ်သော စားဝတ်နေရေးဖြည့်ဆည်းနိုင်ရေးအတွက်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုသွင်းအားစုများဖြစ်သည့် မြေယာ၊ လုပ်သား၊ အရင်းအနှီးများဖြင့် သမားရိုးကျ ထုတ်လုပ်မှုမှ နောက်ပိုင်းတွင် စွန့်ထွင်ဦးစီးမှု ထည့်သွင်းလာကြပြီး အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခဲ့ကြောင်း။

မိမိတို့နိုင်ငံတွင် နိုင်ငံတော်က ချမှတ်ထားသော လုပ်ငန်းစဉ်များနှင့် ဒစ်ဂျစ်တယ်နည်းပညာသစ်များ၏ လျင်မြန်စွာ ပြောင်းလဲမှုတို့ လိုက်လျောညီထွေ ရှိစေရန် "Myanmar e- Governance Master Plan 2030" ကို ရေးဆွဲထားပြီးဖြစ်သည့်အပြင် ဉာဏ်ရည်တု (AI) AI Usage Policy ကိုလည်း ရေးဆွဲလျက်ရှိကြောင်း၊ ယနေ့ဆွေးနွေးပို့ချသည့် AI နည်းပညာဆိုင်ရာ အခြေခံအသိပညာများသည် ဝန်ကြီးဌာနက အကောင်အထည်ဖော်လျက်ရှိသည့် e-Government မှ Digital Government သို့ ပြောင်းလဲရေးတွင် အထူးအရေးပါပြီး တန်ဖိုးရှိသည့်အတွက် တက်ရောက်သူများက သေချာစွာလေ့လာကြစေလိုကြောင်းနှင့် ယနေ့သိရှိရသော AI နည်းပညာဆိုင်ရာ အသိပညာများဖြင့် ဝန်ကြီးဌာန၏ e-Government သို့ အသွင်ကူးပြောင်းရေး ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ရှင်းလင်းဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့် သိပ္ပံနှင့် နည်းပညာဦးစီးဌာန နေပြည်တော် နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်က ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence-AI) ဆိုင်ရာ သိရှိထားသင့်သည့် အခြေခံအကြောင်းအရာများ၊ ဉာဏ်ရည်တုနည်းပညာ (AI) နှင့် ကျင့်ဝတ်၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအဆိုပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများအပါအဝင် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးလုပ်ငန်းများတွင် AI နည်းပညာဖြင့် ပံ့ပိုးပေးနိုင်မှု အကြောင်းအရာများနှင့် အနာဂတ် AI ဆိုင်ရာ အသိပညာများကို မျှဝေဆွေးနွေးခဲ့ပြီး ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာခင်မာစိုးက AI နည်းပညာဆိုင်ရာအကြောင်း၊ သုတေသနများတွင် အသုံးဝင်မှုများ၊ ကောင်းကျိုးများ၊ risks နှင့် အန္တရာယ်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာဖြင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် အရာထမ်း/ အမှုထမ်းများ တက်ရောက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် ဦးစီးမှူးရုံးများမှ အွန်လိုင်းဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

◆ **ကျိုက်မရောမြို့နယ်မှ**

ကျိုက်မရောမြို့နယ်တွင် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးမည်ဖြစ်ပြီး ဒေသရာသီနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးလာကြသည်။ တောင်သူများအနေဖြင့် ဆင်းသုခ၊ မနောသုခ၊ မုရင်းစသည့် မျိုးစပါးများကို အများဆုံးစိုက်ပျိုးကြပြီး ယခုနှစ်တွင် မျိုးစေ့ချကိရိယာဖြင့် အစားထိုးစိုက်ပျိုးကြရာ မွန်ပြည်နယ်အစိုးရအဖွဲ့က တောင်သူများအတွက် မျိုးစေ့ချကိရိယာ ၆၀ ကို ထောက်ပံ့ပေးထားပြီးဖြစ်ရာ တောင်သူများအနေဖြင့် လွယ်ကူစွာ စိုက်ပျိုးနိုင်ပြီးဖြစ်ကြောင်း၊ စိုက်ခင်းများရေကြီးနစ်မြုပ်မှုကာလအပြီး၌ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကျေးရွာတောင်သူများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပြီး ရေမြုပ်ခဲ့သည့် လယ်မြေများအား ဩဂုတ် ၁၅ ရက်အပြီး အချိန်မီစိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**

# မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၉

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အထက်သို့ နှစ်ပေခန့်(၆၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်

**အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရာတွင် အာဟာရဖွံ့ဖြိုးရေးကိုလည်း အလေးထားလုပ်ဆောင်သွားရန် လိုအပ်ပေသည်။ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် အောင်မြင်မှုရရှိရေးအတွက် လွှမ်းခြုံဆောင်ရွက်နိုင်သည်နှင့်အမျှ ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုတို့အပေါ် အကျိုးသက်ရောက်မှုများရရှိလာမည်ဖြစ်သည်။ ထိုမှတစ်ဆင့် ပညာတတ်နိုင်ငံသားများ တစ်နည်းအားဖြင့် တန်ဖိုးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။**

**မောင်သောင်းဝင်း (တမန်ဟောင်း)**

ကလေးများ အာဟာရပြည့်ဝရေး၊ စံမီကြီးထွားဖွံ့ဖြိုးရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဉာဏ်ရည်ထက်မြက်ရေးတို့သည် ရင်သွေးငယ်များ ရသင့်ရထိုက်သည့် အခွင့်အရေးများဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနသည် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူလူထု စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ၂၀၀၉ ခုနှစ်မှစကာ ဩဂုတ်လတစ်လလုံးကို အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များအဖြစ် သတ်မှတ်၍ နှစ်စဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမသီတင်းပတ်ကို ကမ္ဘာ့မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ် လည်းကောင်း၊ ဒုတိယသီတင်းပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် လည်းကောင်း၊ တတိယသီတင်းပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အဖြစ် လည်းကောင်း၊ စတုတ္ထသီတင်းပတ်ကို အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ပပျောက်ရေး ရက်သတ္တပတ်အဖြစ်လည်းကောင်း သတ်မှတ်ကာ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များကို လူထုလှုပ်ရှားမှုများအဖြစ် ဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ပြုလုပ်စဉ်။

**တန်ဖိုးမဖြတ်နိုင်သောမိခင်နို့ရည်**

မိခင်နို့ရည်သည် ကလေးငယ် ကျန်းမာစွာကြီးထွားပြီး ဖွံ့ဖြိုးမှုအတွက် အကောင်းဆုံး အာဟာရပင်ဖြစ်သည်။ မိခင်နို့ရည်သည် မွေးဖွားပြီး ပထမ ခြောက်လအတွင်း ကလေးငယ် လိုအပ်သော တစ်ခုတည်းသောအာဟာရ ဖြစ်သည်။ ကလေးငယ်အတွက် အစာကြေလွယ်ပြီး ကလေးငယ်ကို အာဟာရဓာတ်များ လျင်မြန်စွာပေးနိုင်သည်။ ထို့ကြောင့် အာဟာရကြွယ်ဝပြီး ရောဂါကာကွယ်ပေးသည့် ဓာတ်များပါဝင်သော နို့ဦးရည်ကိုတိုက်ဖြစ်အောင် တိုက်သင့်သည်။ မွေးဖွားပြီးတစ်နာရီအတွင်း စောနိုင်သမျှ စောစောတိုက်သင့်သည်။ ကလေးငယ်ကို မွေးဖွားပြီး အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ရန်လိုသည်။ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်းဆိုသည်မှာ မိခင်နို့မှလွဲ၍ ရေ၊ အခြားအရည်များ သို့မဟုတ် အစားအစာများကို ပထမခြောက်လအတွင်း မကျွေးခြင်းကိုဆိုလိုသည်။ မိခင်နို့တွင် ရေဓာတ်အများအပြား ပါဝင်သည်။ ကလေးငယ် နို့ဆာသည့်အခါတိုင်း တိုက်ပေးသင့်သည်။ နို့စို့လိုသည့်အခါတိုင်း နို့စို့ခွင့်ရရှိပါက ပူပြင်းခြောက်သွေ့သော ရာသီဥတုများမှာပင် ရေထပ်မံတိုက်ကျွေးရန်မလိုပေ။ မိခင်နို့တွင် အဆီဓာတ်၊ သကြားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ အလုံအလောက်ပါဝင်သလို အစာလည်းကြေလွယ်သည်။

**နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ်ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်တွင် ဝမ်းလျှောခြင်း၊ အသက်ရှုလမ်းကြောင်းရောဂါ ကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ မိခင်တစ်ဦးသည် ရင်သွေးငယ်ကို နို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်**

**မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများ**

နို့ဦးရည်နှင့် မိခင်နို့သည် ကလေးငယ်ရောဂါမဖြစ်ပွားစေရန်အတွက် မိခင်မှကလေးကိုပေးနိုင်သည့် ပထမဆုံးနှင့် တန်ဖိုးအရှိဆုံး ကာကွယ်ဆေးပင်ဖြစ်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်တွင် ဝမ်းလျှောခြင်း၊ အသက်ရှုလမ်းကြောင်းရောဂါ ကူးစက်ဝင်ရောက်ခြင်းနှင့် နာတာရှည်ရောဂါများ ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချနိုင်သည်။ မိခင်နို့တိုက်ကျွေးခြင်းဖြင့် မိခင်နှင့် ကလေးငယ်တို့အကြား သံယောဇဉ်တွယ်တာမှု ပိုမိုခိုင်မာစေသည်။

မိခင်တစ်ဦးသည် ရင်သွေးငယ်ကို နို့တိုက်ခြင်းဖြင့် နောက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ခြင်းကို နှောင့်နှေးကြန့်ကြာစေနိုင်သည်။ မိခင်တွင် မမျိုးဥအိမ်ကင်ဆာ၊ ရင်သားကင်ဆာတို့ဖြစ်ပွားမည့်အန္တရာယ်ကို လျှော့ချပေးနိုင်သည်။ မိခင်သည် အာဟာရပြည့်ဝစွာစားသုံးပါက အမြွှာကလေးများအတွက်လည်း မိခင်နို့လုံလောက်စွာ တိုက်ကျွေးနိုင်ပါသည်။ ခြောက်လပြည့်ပြီးနောက် အာဟာရကြွယ်ဝသော ဖြည့်စွက်အစာများကို စတင်ကျွေးရင်း မိခင်နို့ကို ကလေးငယ် နှစ်နှစ်ကျော်သည်အထိ ဆက်လက်တိုက်ကျွေးနိုင်သည်။ နို့တိုက်မိခင်များသည် အစာပို၍စားသုံးရန်လိုအပ်သည်။ နို့တိုက်မိခင်သည် ငန်လွန်း၊ စပ်လွန်းသော အစာများမှလွဲ၍ အစားလုံးဝမရှောင်သင့်ပေ။ မိခင်နို့တွင် ကလေးငယ်အတွက် လိုအပ်သော အာဟာရဓာတ်များ ပြည့်စုံကာ လုံလောက်သော ပမာဏရရှိစေရန် နို့တိုက်မိခင်ဘဝတွင် ကိုယ်ဝန်ဆောင်ဘဝထက် ပိုစားရန်လိုအပ်သည်။

**ဗီတာမင်အေ အာဟာရ**

ဗီတာမင်အေသည် ကလေးများ ပုံမှန်ကြီးထွားဖွံ့ဖြိုးရေးနှင့် ကျန်းမာကြံ့ခိုင်ရေး၊ မျက်စိကျန်းမာရေးနှင့် အမြင်အာရုံကောင်းမွန်ရေးအတွက်လည်း အရေးကြီးသည်။ နို့တိုက်မိခင်များသည် မလိုအပ်ဘဲ အစားရှောင်လျှင် ဗီတာမင်အေ အလုံအလောက် မရရှိနိုင်တော့ဘဲ ထိုမိခင်များ၏ နို့ကိုစို့ရသော ကလေးများသည် ဗီတာမင်အေချို့တဲ့တတ်သည်။ ဗီတာမင်အေချို့တဲ့သော ကလေးများသည် ပုံမှန်ကြီးထွားဖွံ့ဖြိုးမှုမရှိဘဲ ကူးစက်ရောဂါအမျိုးမျိုးကြောင့် မကြာခဏဖျားနာခြင်း၊ ကြက်မျက်သင့်ရောဂါ ဖြစ်ပွားနိုင်ခြင်း၊ မျက်ကြည်လွှာတွင် အနာဖြစ်နိုင်ခြင်း၊ အနာပျောက်သော်လည်း အပြင်တိမ်စွဲနိုင်ခြင်း၊ မျက်ကြည်လွှာပေါက်၍ မျက်စိကွယ်ခြင်းတို့ ဖြစ်တတ်သည်။ ထို့ပြင် အခြားရောဂါများ ဖြစ်ပွားပါကလည်း ရောဂါပြင်းထန်ပြီး အသက်အန္တရာယ် ကြုံတွေ့ရတတ်သည်။

နို့တိုက်မိခင်များသည် ဗီတာမင်အေ ကြွယ်ဝသည့်အစာများကို လုံလောက်စွာ စားသုံးရန်လိုအပ်သည်။ မီးဖွားပြီး ပထမ တစ်ရက်၊ နှစ်ရက်တွင်ထွက်သည့် နို့ဦးရည်သည် ဗီတာမင်အေ အလွန်ကြွယ်ဝသည်။ ထို့ကြောင့် ကလေးကို နို့ဦးရည် တိုက်ပေးရန်လိုအပ်သည်။ အသက်ခြောက်လမှစ၍ ထမင်းခွံ့သည့်အခါ ဗီတာမင်အေကြွယ်ဝသည့် အသည်းအမျိုးမျိုး၊ ဥအမျိုးမျိုး၊ နို့အမျိုးမျိုး၊ အစိမ်းရင့်ရောင်ဟင်းရွက်များ၊ နီဝါရောင်သစ်သီးများ၊ အဝါရောင်သစ်သီးများ၊ အဝါရောင်နှင့် အနီရောင်သစ်ဥသစ်ဖုများကို အသက်အရွယ်အလိုက် ကျွေးပေးရန်လိုအပ်သည်။

**ဗီတာမင်ဘီဝမ်း**

ဗီတာမင်ဘီဝမ်း ချို့တဲ့မှုကြောင့် သူငယ်နာ(ဘယ်ရီဘယ်ရီ) ရောဂါဖြစ်နေသောကလေးသည် အချိန်မီကုသမှုမခံရပါက အသက်ဆုံးရှုံးနိုင်သည်။ ထိုကလေးအတွက် ဗီတာမင်ဘီဝမ်းထိုးဆေးသည် အသက်ကယ်ဆေးဖြစ်သည်။ ပဲအမျိုးမျိုး၊ အဆီလွတ်ဝက်သား၊ မောင်းထောင်းဆန် (ဆန်လုံးညို)၊ ပြုတ်ဆန်(ပေါင်းဆန်၊ စပါးအခွံမချွတ်မီ ရေနွေးငွေ့ဖြင့် ပေါင်းထားသောဆန်)တို့သည် ဗီတာမင်ဘီဝမ်းကြွယ်ဝသည့် အစားအစာများ ဖြစ်ကြသည်။

**သံဓာတ်အာဟာရ**

သံဓာတ်သည် အရေးကြီးသော သတ္တုအာဟာရဓာတ်တစ်မျိုးဖြစ်သည်။ သံဓာတ်ချို့တဲ့လျှင် သွေးအားနည်းရောဂါခံစားရသည်။ ကလေးများ သွေးအားနည်းလျှင် ခန္ဓာကိုယ်ပုံမှန်မကြီးထွားနိုင်တော့ပေ။ ကျောင်းသင်ခန်းစာများတွင် အာရုံမစူးစိုက်နိုင်သဖြင့် ပညာသင်ယူရာတွင် နှောင့်နှေးမည်ဖြစ်သည်။ သံဓာတ်ချို့တဲ့သဖြင့် သွေးအားနည်းရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် သံဓာတ်အာဟာရကြွယ်ဝသော အစားအစာများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ အသား၊ အသည်းနှင့် သွေးခဲတို့သည် သံဓာတ်အထူးကြွယ်ဝသဖြင့် တတ်နိုင်သမျှ စားသုံးသင့်သည်။ ဟင်းနုနွယ်ရွက်၊ မုန်ညင်းရွက်၊ ကန်စွန်းရွက်၊ ကင်းပုံရွက်၊ ချဉ်ပေါင်ရွက် စသည့် အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးတို့သည် သံဓာတ်အတော်အတန်ကြွယ်ဝသဖြင့် နေ့စဉ်စားသုံးသင့်သည်။ အသားဓာတ်နှင့် အချဉ်ဓာတ် (ဗီတာမင်စီ)သည် ဟင်းသီးဟင်းရွက်များနှင့် ပဲအမျိုးမျိုးမှ သံဓာတ်ကိုအစာလမ်းကြောင်းမှ လွယ်ကူစွာစုပ်ယူနိုင်အောင်ကူညီသည်။ သန္ဓေသားဘဝမှ အသက်နှစ်နှစ်အတွင်း ဘဝအစကာလတွင် အာဟာရဆိုင်ရာ ပံ့ပိုးဖြည့်ဆည်းမှုသည် ရေတို၊ ရေရှည် အကျိုးကျေးဇူးများကိုရရှိစေနိုင်၍ ထိုကလေး၏ ဘဝတစ်လျှောက်လုံးအတွက် အရေးအကြီးဆုံးနှင့် ထိရောက်မှုအရှိဆုံး လုပ်ဆောင်ချက်ပင်ဖြစ်သည်။

**ကလေးငယ်များ ကျန်းမာသန်စွမ်းဖို့ မိခင်နို့ကို စနစ်တကျတိုက်ကျွေးစို့**

ကလေးများအား မွေးစမှအသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်နှင့် ကလေးအသက်ခြောက်လပြည့်သည့် အချိန်မှစ၍ သင့်တော်သော ဖြည့်စွက်စာနှင့်အတူ အနည်းဆုံး ကလေးအသက် နှစ်နှစ်အထိ မိခင်နို့ကို ဆက်လက်တိုက်ကျွေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အကြံပြုထားရာ မိခင်နို့ စနစ်တကျတိုက်ကျွေးမှုကို ပိုမိုမြင့်တင်သွားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။ ထို့ကြောင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား-**

(၁) ၆-၈-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ။

(၂) မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးခြင်း။ Standardized Health Messages (myanmarhealth.info)

# အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ်(အတိုးနှုန်း ၁%)ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့် အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေ ပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည် ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာ ပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံး ပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီလာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများနှင့် ဝါစက်လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဩဂုတ် ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပွဲကန်ကျေးရွာ၌ ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ပွဲကန်ကျေးရွာရှိ အလင်းရောင်လယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသား တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံအတွင်းရှိ ပြည်သူများ အဝတ်အထည်များ ဖူလုံရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ အလွန်အရေးကြီးကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထွက်ရှိလာသော ဝါမှာ နိုင်ငံအတွင်း ချည်လိုအပ်ချက်အတွက် ပြည့်မီသည်ကို တွေ့ရှိရသော်လည်း ချည်နှင့် အထည်များကို ပြည်ပမှ တင်သွင်းမှာယူနေရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထွက်ရှိသော ဝါဂွမ်းများကို ကုန်ကြမ်းအနေဖြင့်သာ ပြည်ပသို့ တင်ပို့ရောင်းချနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌သာ ချည်ဖြစ်သည်အထိ ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာ၊ စက်ပစ္စည်း၊ အရင်းအနှီးများကို ပံ့ပိုးပေးပြီး Value Added အဖြစ် ချည်ဖြစ်သည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်ရန် စနစ်တကျ ပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေး၊ အမျိုးအစား Grade A,B,C အဆင့်ဆင့်ရှိသည့် အနက် သတ်မှတ်အရည်အသွေးနှင့် ပေါက်ဈေးနှုန်းကို တောင်သူကြီးများသိရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှ အသိပညာပေးရန်လိုအပ်ကြောင်း၊ စနစ်တကျ ဆွတ်ခူးထွက်ရှိလာသောဝါများ ဈေးကောင်းရရှိရေး ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့် ပုဂ္ဂလိက ချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားကာ ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးကြိုဝါစိုက်ခင်းများတွင် ဝါဆွတ်ခူးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဆည်ကန် ဝါစက်ရုံနှင့် မန်းရတနာ ဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များ ထုတ်လုပ်နေမှုများနှင့် ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲနိုင်မှုကြောင့် စားသုံးဆီအပြင် တိရစ္ဆာန်အစာအတွက် ဝါဖတ်များကိုပါရရှိခြင်းကြောင့် များစွာအကျိုးရှိကြောင်း၊ ဝါစိုက်ဧကအပေါ်အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ်မူတည်ကာ ဝါဖန်စက်များ ထပ်မံလိုအပ်မှု ရှိ/မရှိ တင်ပြပေးရန်နှင့် ထပ်မံလိုအပ်သော စက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်အစီအစဉ်များ ပြန်လည်တင်ပြကြရန်လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိတီဘီအယ်လ်ကုမ္ပဏီလီမိတက်၏ ဝါ၊ နေကြာ၊ နှမ်း၊ စပါးမျိုးစေ့များနှင့် အခြားသီးနှံမျိုးစေ့များ ထုတ်လုပ်နေမှု၊ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် လိုအပ်သောဒေသများသို့ သမဝါယမအသင်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၉**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၇/၂၀၂၃) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ရဲနိုင်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုးနှင့် ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် ရဲချုပ်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် တာဝန်ကျရာ ဒေသများတွင် နိုင်ငံအကျိုး၊ ပြည်သူလူထု၏အကျိုးကို ရှေးရှုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် စွန့်လွှတ်စွန့်စားကြိုးပမ်းဆောင်ရွက်နေကြသည့် တပ်ဖွဲ့ဝင်များကို နိုင်ငံတော်မှ ထိုက်တန်သည့် ဂုဏ်ပြုမှုများဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် ဆက်နွှယ်လျက်ရှိပြီး နိုင်ငံလုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိသည့်အပြင် လူသားမျိုးနွယ် တစ်ခုလုံးကို လူညွှန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၇) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၁၇ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၄၆ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ တက်ရောက်



နေပြည်တော် ဩဂုတ် ၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရုံးအမှတ် (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံမျိုးစုံဖြင့်ဖြစ်ပွားနိုင်ပြီး အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာပါက ဥပဒေအရ အရေးယူခံရမည့်အပြင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင်လည်း ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေမည်ဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သတိထားရှောင်ကြဉ်ရန် အထူးလိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ရှင်းလင်းပွဲမှရရှိလာသည့် အသိပညာဗဟုသုတများကို မိမိပတ်ဝန်းကျင်နှင့် မိမိ၏ လုပ်ဖော်ကိုင်ဖက်များကို ပြန်လည်မျှဝေပေးစေလိုပါကြောင်း၊ ဝန်ဆောင်မှုပေးရသည့် ဦးစီးဌာနများအနေဖြင့် အဂတိလိုက်စားမှုသည် ပြည်သူများ၏ ယုံကြည်မှု လျော့ကျစေနိုင်သည့်အပြင် နိုင်ငံတော်၏ စီးပွားရေးနှင့် အုပ်ချုပ်ရေးကိုပါ ယိုယွင်းပျက်စီးစေနိုင်သဖြင့် မိမိမှစ၍ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ အဂတိလိုက်စားမှုကို ငြင်းဆန်ရန် တိုက်တွန်းလိုကြောင်း၊ အဂတိကင်းရှင်းပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်မည့် ဝန်ထမ်းကောင်းများဖြစ်ရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်းက ကော်မရှင်အနေဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများကို မဖြစ်မီကြိုတင်ကာကွယ်တားဆီးရန်အတွက် အသိပညာပေးခြင်းနှင့် တားဆီးကာကွယ်ခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဘဏ္ဍာ ဆုံးရှုံးမှုလျော့နည်းရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိပညာများ တိုးပွားလာစေရန် ရည်ရွယ်၍ ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုတို့တွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit– CPU) များကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်းနှင့် CPU များ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာဆောင်ရွက်နိုင်စေရန် လိုအပ်သည့် နည်းပညာဆိုင်ရာသင်တန်းများ ပို့ချပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထက်က အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးလင်း ခေါင်းဆောင်၍ ဝန်ကြီးဌာန၏ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ အဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## နေပြည်တော်နည်းပညာတက္ကသိုလ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့်လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်နည်းပညာတက္ကသိုလ် စုဝေးခန်းမ၌ ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက စမ်းသပ်မဲပေးခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

Myanmar Electronic Voting Machine (MEVM) စက် အသုံးပြု၍ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် မဲပေးခြင်းလုပ်ငန်းစဉ်ကို အချိန်တိုအတွင်း ရိုးရှင်းလွယ်ကူစွာ မဲပေးဆောင်ရွက်နိုင်ခြင်း၊ မိမိ မဲပေးရွေးချယ်လိုက်သည့်အခြေအနေအား မျက်မြင်တွေ့ရှိရသည့်အတွက် စိတ်ချယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်း၊ ပယ်မဲများ မရှိနိုင်တော့သည့်အတွက် မိမိတို့၏ဆန္ဒမဲများ အဟောသိကံဖြစ်ရသည့်အခြေအနေမျိုး မရှိနိုင်တော့ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။

ကျင်းပမည့်ရွေးကောက်ပွဲတွင် ပထမအကြိမ် မဲပေးကြမည့် မဲဆန္ဒရှင် ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် MEVM စက် အသုံးပြုမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးကို မဲဆန္ဒရှင်အသိပညာပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

အခမ်းအနားသို့ နေပြည်တော်နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ စိုးလင်းအောင်၊ ဌာနအကြီးအမှူးများ၊ ပါမောက္ခများ၊ အရာထမ်း/ အမှုထမ်းများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈ဝ တက်ရောက်ခဲ့ကြပြီး မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်း အမှတ်စဉ်(၂၂/ ၂၀၂၄) သင်တန်းဆင်းဂုဏ်ပြု အခမ်းအနားကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၉

လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်း အမှတ်စဉ် (၂၂/၂၀၂၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်) စစ်ရေးပြကွင်း(၁)၌ ကျင်းပသည်။

ဦးစွာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူက ကျောင်းဆင်းတပ်ခွဲများ၏ အလေးပြုမှုခံယူပြီး ကျောင်းဆင်းတပ်ခွဲများကို စစ်ဆေး၍ ကျောင်းဆင်းတပ်ခွဲများက တပ်စုအလိုက် အနှေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က ဆုရအရာရှိလောင်းများအား ဆုများချီးမြှင့်၍ သင်တန်းဆင်းမိန့်ခွန်းပြောကြားကာ ကျောင်းဆင်းတပ်ခွဲ၏ အလေးပြုမှုကိုခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် ညွှန်ကြားရေးမှူးချုပ်သည် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် မီးသတ်အရာရှိလောင်းများကို တွေ့ဆုံ၍ဂုဏ်ပြုအမှာစကား ပြောကြားပြီး အနော်ရထာခန်းမတွင် ရာထူးခန့်အပ်လွှာများ ပေးအပ်သည်။ လက်ထောက်မီးသတ်ဦးစီးမှူးလောင်း သင်တန်း အမှတ်စဉ် (၂၂/၂၀၂၄)ကို မတ် ၂၅ ရက် မှ ဩဂုတ် ၉ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ မီးသတ်အရာရှိကြီးများနှင့် ဇနီးများ၊ ဖိတ်ကြားထားသော တိုင်းဒေသကြီး/ ပြည်နယ်မီးသတ်ဦးစီးမှူးများ၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ဧည့်သည်တော်များ၊ နည်းပြအရာရှိများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး



**နေပြည်တော်   ဩဂုတ်   ၉**

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Center ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

**ဆွေးနွေးပြောကြား**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ အာဆီယံကျန်းမာရေးကဏ္ဍ လုပ်ငန်းများ သုံးသပ်ခြင်းနှင့် ၂၀၂၅ အလွန် ကျန်းမာရေးကဏ္ဍ ဦးစားပေး အစီအစဉ်များ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ကြီးအနေဖြင့် ပိုမိုကျန်းမာကောင်းမွန်သော၊ ပိုမိုတည်တံ့ခိုင်မြဲသော၊ အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေရေးအတွက် ကျန်းမာသောလူနေမှုဘဝပုံစံ မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားကောင်းအောင် ဆောင်ရွက်ရေး၊ အသစ်ဖြစ်ပေါ်လာမည့် ကူးစက်ရောဂါများနှင့် ပြန်လည်ခေါင်းထောင်လာမည့် ကူးစက်ရောဂါများကို စောင့်ကြည့်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိစေရေး (Universal Health Coverage)၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော ကျန်းမာရေးစနစ်အဆင့် မြှင့်တင်ရေး၊ ပြောင်းလဲတိုးတက်လာသည့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံစိတ်ချရမှု တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ အားကောင်းခိုင်မာသော ကျန်းမာရေးစနစ် မြှင့်တင်ရေးအတွက် ကျန်းမာရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုသည် ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း အလွန်အရေးကြီးသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း၊ ကပ်ရောဂါကာလအစပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သော်လည်း မိတ်ဆွေနိုင်ငံများ၏ ပူးပေါင်းကူညီပံ့ပိုးမှု၊ ပြည်တွင်းမှ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အလားတူ ကိုဗစ်-၁၉ကပ်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှု၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပူးပေါင်းမှုဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးလုံးဝ ထိုးနှံနိုင်ခြင်းမရှိခဲ့သည့် ကလေးငယ်များကို သုံးဆခန့် လျှော့ချနိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ကာကွယ်ဆေးထိုး လုပ်ငန်းအောင်မြင်မှုများကို အသိအမှတ်ပြု မှတ်တမ်းတင်ထုတ်ပြန်ထားကြောင်း၊ ဆက်လက်၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးရဲတင့် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်   ဩဂုတ်   ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက ပခုက္ကူမြို့နယ် ဝါဇီအခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းရွာအလယ်တန်းကျောင်းတို့ကို ရောက်ရှိပြီး ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ အသိပညာ အတတ်ပညာ ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင်ကြိုးစားကြရေးနှင့် ဘဝတစ်လျှောက်လုံး စာပေဖတ်ရှုလေ့လာရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး အားကစားပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် လမ်းရွာကျေးရွာ ရှေ့ဆောင်စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက် ရေရှည်တည်တံ့နိုင်ရေး၊ လူငယ်များ စာပေလေ့လာဖတ်ရှုနိုင်အောင် စည်းရုံးဆောင်ရွက်ရေးတို့ မှာကြားပြီး စာကြည့်တိုက်အတွက် အလှူငွေပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရေနံချောင်းမြို့နယ်ရုံးကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံး၌ တိုင်းဒေသကြီးရုံးမှ ဝန်ထမ်းများ၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်ရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာများ၊ လုံခြုံရေးဆိုင်ရာများ မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အာရေဗျသူရဲကောင်း (ဒုတိယအကြိမ်) | ဆန်းလွင်၊ အောင်နိုင်ဦး | ဦးခင်မောင်ဌေး လင်းသစ်ရောင်စဉ် စာပေတိုက် |
| ၂။ | အနာဂတ်ကို ရှင့်နာမည်မှာ ဝှက်ထားတယ် | စီစီလီယန် | ဦးဝင်းသူရလွင် အိပ်မက်အသစ် စာပေ |
| ၃။ | ကဗျာလည်းသင်၊ စာလည်းသင် (ပထမအတွဲ) | မြဝင်း(ဒဿန) | ဦးဆန်းအောင်သူ ပဋ္ဌာန်စာအုပ်တိုက် |
| ၄။ | အတွေးအခေါ်ဟင်းလေးအိုးကြီး (ဒုတိယအကြိမ်) | ရွှေဥဒေါင်း | ဦးသိမ်းမင်း ပန်းရွှေပြည်စာအုပ်တိုက် |

**ပြန်ကြားရေးဝန်ကြီးဌာန**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော်   ဩဂုတ်   ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# မုံရွာမြို့၌ ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာပြေးဆွဲရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲရေးနှင့်ကြီးကြပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသည့် ခရီးသည်နှင့် ကုန်တင်ရေယာဉ်အသင်းများ အနေဖြင့် ရေယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးပြေးဆွဲနေသည့်ရေယာဉ်များကြံ့ခိုင်မှုရှိစေရေး၊ ခရီးသည်နှင့် ကုန်စည်များ မြန်ဆန်စွာစီးဆင်းနိုင်ရေးနှင့် သတ်မှတ်နေရာများသို့ သတ်မှတ်အချိန်တွင် ရောက်ရှိရေး သတ်မှတ်ဝန်တင်မျဉ်းထက်ကျော်လွန်၍ ခရီးသည်များနှင့် ကုန်စည်များ သယ်ဆောင်မှုမရှိစေရေး၊ တရားမဝင်ကုန်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့်လုံခြုံရေးအရ ကန့်သတ်ထားသည့်ပစ္စည်းများ တင်ဆောင်မှုမရှိစေရေးတို့ကို တာဝန်ရှိသူများအားလုံးက အလေးထားကြပ်မတ်စစ်ဆေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထိုသို့ စစ်ဆေးကြပ်မတ်ဆောင်ရွက်ရာတွင် မလိုလားအပ်သည့် ငွေကြေးတောင်းခံမှုများမပြုလုပ်ရေးနှင့် စစ်ဆေးရာတွင်လည်း ငွေကြေးတောင်းခံမှုများရှိခဲ့ပါက သက်ဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်ထံသို့ ရေယာဉ်အသင်းများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ တင်ပြတိုင်ကြားသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာပြေးဆွဲရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရေယာဉ်အသင်းများမှ ကိုယ်စားလှယ်များနှင့် ရေယာဉ်ပိုင်ရှင်များက ချင်းတွင်းအထက်ပိုင်းဒေသများသို့ ခရီးသည်နှင့်ကုန်စည်များ သယ်ယူပို့ဆောင်နေမှု လုပ်ငန်းအခြေအနေများအား ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာပြေးဆွဲရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၉**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အလားတူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါး ကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အလုံမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်၁၀နာရီတွင် မြို့နယ်သမဝါယမအသင်းစု စံပြအရောင်းဆိုင်၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးအုန်းသွင်က ဆောင်ရွက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချယ်ရီအေးက သမဝါယမလုပ်ငန်းစဉ်များ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားကာ အသင်းအမှုဆောင်အဖွဲ့က အသင်းလုပ်ငန်းအခြေအနေများ ရှင်းလင်းပြောကြား၍ သဘောတူညီချက်ရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

# ခရိုင်အဆင့် (၂၅)ကြိမ်မြောက် (ငွေရတုအထိမ်းအမှတ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**တံတားဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်တွင် ခရိုင်အဆင့်(၂၅) ကြိမ်မြောက် (ငွေရတု အထိမ်းအမှတ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၈နာရီက တံတားဦးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အခမ်းအနားကို တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်၊ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) ခရိုင်လဝကဦးစီးမှူး ဦးသန်းနိုင်၊ ခရိုင်ပညာရေးမှူး ဒေါ်သန်းသန်းဦး၊ ငါန်းဇွန်မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်း၊ တံတားဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးရဲလင်းသူတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ တံတားဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

**ပါဝင်ယှဉ်ပြိုင်**

ထို့နောက် (၂၅)ကြိမ်မြောက် (ငွေရတု) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တံတားဦးခရိုင်အဆင့်အနေဖြင့် အတီးဘာသာရပ်တွင် ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား စန္ဒရားတစ်ဦး၊ အခြေခံပညာအဆင့်(၁၀-၁၅)ဆိုင်းတစ်ဦးချင်း အမျိုးသားတစ်ဦး၊ အဆိုပြိုင်ပွဲတွင် အခြေခံပညာအဆင့်(၁၀-၁၅) ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲတွင် အမျိုးသားသုံးဦး၊ အမျိုးသမီးကိုးဦး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးဂုဏ်၊ဇာတိဂုဏ်) အဆိုပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦး၊ အခြေခံပညာအဆင့်(၁၅-၂၀) ခေတ်ဟောင်း/ကာလပေါ် ပြိုင်ပွဲတွင် အမျိုးသားငါးဦး၊ အခြေခံပညာအဆင့်(၁၀-၁၅) မဟာဂီတပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦး၊ (၁၅-၂၀)ခေတ်ဟောင်း/ကာလပေါ်ပြိုင်ပွဲတွင် အမျိုးသမီးလေးဦး၊ (၁၅-၂၀)မဟာဂီတ ပြိုင်ပွဲတွင်တစ်ဦး၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ( ခေတ်ဟောင်း/ကာလပေါ်)ပြိုင်ပွဲတွင် အမျိုးသမီးနှစ်ဦး ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အပြစ်မဲ့အရပ်သား ပြည်သူများအပေါ် MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့တွင် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို) က ဦးဆောင်၍ ပြုလုပ်သည်။



ဦးစွာ ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲသို့ တက်ရောက်လာကြသူများက "အပြစ်မဲ့အရပ်သားပြည်သူများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများအား ကန့်ကွက် ရှုတ်ချပါသည်"၊ "MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက် သတ်ဖြတ်ခံရသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အပြစ်မဲ့ အရပ်သားပြည်သူများအတွက် ဝမ်းနည်းကြေကွဲရပါသည်"၊ "MNDAA အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူရာနှင့်ချီ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော လူမဆန်သည့် လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက်ရှုတ်ချသည်"၊ "တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်" စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

ဆက်လက်၍ MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သားပြည်သူများအပေါ် လူမဆန်သော ယုတ်မာမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက်ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် "MNDAAနှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့်အကြမ်းဖက်များ အလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့" စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၉**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကို မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက သဘောထားထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိကြသော ကိုးကန့်တိုင်းရင်းသားများ၏ သဘောထားထုတ်ပြန်ကြေညာချက်

၁။ MNDAA အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ ပြန်လည်ဝင်ရောက်လာခြင်းသည် Online လောင်းကစား (ကျားဖြန့်) လိမ်လည်မှုလုပ်ငန်းများကို တိုက်ဖျက်ရှင်းလင်းရေးနှင့် ကိုးကန့် ကျေးလက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝအဆင်ပြေစေရန် ဆောင်ရွက်မည့်အကြောင်း MNDAA အဖွဲ့၏ ကြေညာချက် ထုတ်ပြန်ထားရှိခြင်းကို ကြားသိခဲ့ရပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် MNDAA အဖွဲ့သည် နယ်မြေကျူးကျော် စစ်ဆင်အကြမ်းဖက်သည့်လုပ်ရပ်များကို အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လျက် ရှမ်းပြည်နယ်မြောက်ပိုင်း နယ်မြေဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေ၍ လားရှိုးမြို့အတွင်း တိုက်ပွဲများဖော်ဆောင်ပြီး စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံအား ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် ဆေးကုသမှုခံယူနေသော အပြစ်မဲ့ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ လူကြီးနှင့် ကလေးသူငယ်များ သေဆုံးခဲ့ရပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ယခုအချိန်အခါတွင် ထောင်ပေါင်းများစွာသော ဒေသခံတိုင်းရင်းသားပြည်သူများ နှစ်ပေါင်းကြာရှည်စွာ စုဆောင်းရှာဖွေခဲ့ရသည့် နေအိမ်စည်းစိမ်ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ အခြားမြို့များသို့ စစ်ဘေးတိမ်းရှောင်နေရသည့်ဘဝကို နေ့စဉ်နှင့်အမျှ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ် တွေ့မြင်နေရပါသည်။ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များအား လုံးဝ (လုံးဝ) ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ၁၉၆၇ ခုနှစ်နောက်ပိုင်း ကိုးကန့်ဒေသနယ်မြေအေးချမ်းမှုမရှိခြင်းကြောင့် အချို့သော ကိုးကန့်တိုင်းရင်းသား မိသားစုများတို့သည် အေးချမ်းတည်ငြိမ်မှုရှိသော လားရှိုး၊ မန္တလေး၊ ရန်ကုန် စသည့်အခြားမြို့များတွင် နှစ်ပေါင်းများစွာကတည်းက ရောက်ရှိနေထိုင်လျက်ရှိပါသည်။ အခြားသော တိုင်းရင်းသားမိသားစုများနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေးအသင်းအဖွဲ့များတွင် အတူတကွပါဝင်ကူညီလျက်ရှိပြီး အမျိုးဘာသာသာသနာနှင့် လူမှုရေးကိစ္စအဝဝတွင် လူမျိုးမရွေး ဘာသာမရွေး တတ်စွမ်းသမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ မည်သည့်နိုင်ငံရေးအဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်ခြင်းမရှိဘဲ နိုင်ငံတော်အပေါ် သစ္စာရှိရှိ အစဉ်အမြဲခံယူပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေထိုင်လျက်ရှိကြပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အမြန်ဆုံးအေးချမ်းပါစေ။

**ဗုဒ္ဓဘာသာကိုးကန့်ဓမ္မာရုံ**
**ကိုးကန့်တိုင်းရင်းသားမိသားစုများ**
**မန္တလေးမြို့**
၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့

## ဗဟန်းမြို့နယ်၌ ပြင်းထန်ကာလဝမ်းရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် ဈေးအတွင်း၊ အပြင်သို့ ပြင်းထန်ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကြိုတင်ကာကွယ်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် ကလိုရင်း ဆေးခတ်ခြင်းများ ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့ကြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ SOP များနှင့်အညီ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတ အသင်းအဖွဲ့များက ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဈေးများနှင့် လူနေထိုင်သော ရပ်ကွက်များသို့ သွားရောက်၍သံဃာတော်များနှင့် ပြည်သူများအား ကာလဝမ်းရောဂါ မဖြစ်ပွားစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးပြောကြားပြီး ရေသုံးစွဲမှု၊ ရေအရင်းအမြစ်များအား ကလိုရင်းဆေးခတ်ပေးပြီး လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာများ၊ ရေသန့်ဆေးပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❖ **မြန်မာအမျိုးသမီးမှ**

အတွက် ချေပဂိုးတစ်ဂိုးကို ၇၂ မိနစ်တွင် စန်းသော်သော်က သွင်းယူခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို လေးဂိုးပြတ်အနိုင်ရခဲ့သည်။ နှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ ထိပ်ဆုံးမှဖယ်ပေးခဲ့ရသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၀၊ ၇၉ မိနစ်တွင် ဝင်းသိဂ်ဂီထွန်း၊ ၄၅+၄၊ ၈၃ မိနစ်တွင် ယွန်းဝတီလှိုင်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၂) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၀ ပွဲကစား ၂၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၂၅ မှတ်၊ လက်ရှိချန်ပီယံ မြဝတီအသင်းက ၁၁ ပွဲကစား ၁၇ မှတ်၊ ရှောဝတီအသင်းက ၁၀ ပွဲကစား ၁၆ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ ပွဲကစား ၁၂ မှတ်၊ YREO အသင်းက ၁၀ ပွဲကစား ခုနစ်မှတ်ရရှိထားကာ ရှမ်းယူနိုက်တက်အသင်းမှာမူ ၁၀ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ကိုညီလေး**

## မိုးညိုမြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဆောင်ရွက်

မိုးညို ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်ရှိ မိခင်နှင့် ကလေး ကျန်းမာရေးဌာန၌ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် မိခင်နှင့် ကလေး ကျန်းမာရေးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုကို ယမန်နေ့နံနက် ၉ နာရီခွဲက ဆောင်ရွက်ခဲ့သည်။



ဦးစွာ မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်နွဲ့နွဲ့ဝင်းက ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များကို အစာ အုပ်စု သုံးအုပ်စုအကြောင်း၊ မိခင်နို့ တိုက်ကျွေးရေးနှင့် အိုင်အိုဒင်းဆား စားသုံးနိုင်ရေးတို့ကို ပြောကြားပြီး ငါးနှစ်အောက် ကလေးများကို ကိုယ်အလေးချိန် ချိန်ခြင်း၊ ဗီတာမင်အေ တိုက်ကျွေးခြင်း၊ မိခင်နို့တိုက်ကျွေးပုံပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး ကိုယ်ဝန်ဆောင် မိခင်များကို အားဆေးနှင့် အိုင်အိုဒင်းဆား ပေးအပ်ခဲ့သည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှား ဆောင်ရွက်မှုကို အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ကူညီဆောင်ရွက်ခဲ့ပြီး ကြက်ဥ၊ အိုင်အိုဒင်းဆားနှင့် အာဟာရမှုန့်များကို ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

---

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | – | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | – | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | – | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | – | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ် |

---

## ပန်းတောင်းမြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဆောင်ရွက်

ပန်းတောင်း ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေး



ဦးစီးဌာနခန်းမ၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုးက အာဟာရဖွံ့ဖြိုး ရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထိုက်စိုး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အသက် ခြောက်လမှ ငါးနှစ်အတွင်း ကလေးများအား ဗီတာမင်အေ တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များအား သံဓာတ် ဆေးပြားနှင့် ဗီတာမင်ဘီဝမ်းဆေးပြား တိုက်ကျွေးခြင်းတို့ပြုလုပ်ခဲ့ပြီး အာဟာရဖွံ့ဖြိုးရေးထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



## အုတ်ဖိုမြို့နယ်၌ ကျောင်းကျန်းမာရေးနှင့် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

အုတ်ဖို ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထက(ခွဲ)လသာကုန်း၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကျောင်းကျန်းမာရေးနှင့် အာဟာရ ရက်သတ္တပတ် လှုပ်ရှားမှုကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

အဆိုပါလှုပ်ရှားမှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးသက်ဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက အစာ အုပ်စုများ သရုပ်ပြခြင်းနှင့် ကျန်းမာရေးပညာပေးပိုစတာများ ခင်းကျင်း ပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုမှတ်သားကြသည်။

ထို့နောက် မူလတန်းကျောင်းသားကျောင်းသူများအား စနစ်မှန် သွားတိုက်နည်းနှင့် လက်ဆေးခြင်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူများအား သွားရောဂါများနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှော ရောဂါအကြောင်းအသိပညာပေးခြင်း၊ အထက်တန်းကျောင်းသား ကျောင်းသူများအား ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် မူးယစ်ဆေးအန္တရာယ် အကြောင်းအသိပညာပေးကာ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး သရုပ်ပြခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**

---

## ဝေါမြို့နယ်၌ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ဝေါ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကမ္ဘာ့ မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အရှေ့ဘက်ကမ်းရပ်ကွက် အလင်းရောင်ပိုင်း ရတနာသုံးပါးဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆုဝေကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များက မိခင်နို့တိုက်ကျွေးရေး ပညာပေး ခြင်း၊ စနစ်မှန်မိခင်နို့တိုက်ကျွေးခြင်း သရုပ်ပြသခြင်းတို့ပြုလုပ်ပြီး ငါးနှစ်အောက်ကလေးအာဟာရဖွံ့ဖြိုးရေးအတွက် ကလေးငယ်များအား



အရပ်တိုင်းခြင်း၊ ကိုယ်အလေးချိန် ချိန်ခြင်း၊ ဗီတာမင်အေ တိုက်ကျွေး ခြင်းနှင့် အာဟာရစံချိန်မပြည့်မီသော ကလေးများအား အဏုအာဟာရ မှုန့်ထုပ်များဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရ သည်။

**စိုးမိုး(ပြန်/ဆက်)**

---

## ပခုက္ကူမြို့နယ်၌ ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များလှုပ်ရှားဆောင်ရွက်

ပခုက္ကူ ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၄ ခုနှစ် ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုကို ယနေ့နံနက် ၉ နာရီ က ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့ အထွေထွေ ရောဂါကုပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦး ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြို့နယ်ကျောင်းကျန်းမာ ရေးဌာနမှ သွားဆရာဝန် ဒေါက်တာနေနွယ်သန်း၊ မြို့နယ်မိခင်ကလေးဌာနမှူးဦးစီးအရာရှိဒေါ်တင်တင်ခိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်မြမြသက် နှင့် ကျန်းမာရေးဝန်ထမ်းများက ပခုက္ကူမြို့ အမှတ်(၅) အခြေခံပညာကျောင်းနှင့် အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးရေးနှင့် ရောဂါ ကာကွယ်စေသော အစာအုပ်စုများ၊ သွေးလွန်တုပ်ကွေး ရောဂါကြိုတင်ကာကွယ်တားဆီးရေး၊ သွားကျန်းမာ ရေးနှင့် စနစ်တကျလက်ဆေးနည်းများအကြောင်း တို့ကို အသိပညာပေးရှင်းလင်းဟောပြောကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သွားကျန်းမာရေးနှင့် အခြားသော ကျန်းမာရေး ဆိုင်ရာများ စစ်ဆေးကုသပေးခြင်း၊ အာဟာရ တိုက်ကျွေးခြင်း၊ ဆေးရောင်ခြယ်ပြိုင်ပွဲကျင်းပခြင်း များဆောင်ရွက်ကြပြီး အာဟာရဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ် ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

---

## ထန်းတပင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုဆောင်ရွက်

ထန်းတပင် ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ထန်းတပင် မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် များ လှုပ်ရှားမှုကို မြို့နယ်ပြည်သူ့ ဆေးရုံတွင် ယမန်နေ့မွန်းလွဲပိုင်း က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာ ရေးဝန်ထမ်းများက အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်အနေဖြင့် မွေးကင်းစမှ ခြောက်လအရွယ်ထိ ကလေးသူငယ်များအား မိခင်နို့ရည် တစ်မျိုးတည်းကိုသာ စနစ်တကျ တိုက်ကျွေးခြင်းဖြင့် မွေးကင်းစမှ ခြောက်လအရွယ်ရှိကလေးသူငယ် များကျန်းမာဖွံ့ဖြိုးနိုင်ရေးနှင့် ရောဂါ ဘယကင်းရှင်းနိုင်ခြင်း၊ အသက် ငါးနှစ်အောက် ကလေးများကို သန်ချဆေး၊ ဗီတာမင်အေနှင့် အာဟာရမှုန့်ကျွေးခြင်း၊ ကိုယ်ဝန် ဆောင်မိခင်များအား အသိပညာ ပေးဟောပြောခဲ့ပြီး နို့တိုက်မိခင် များနှင့် ကိုယ်ဝန်ဆောင်မိခင်များ အား အာဟာရ ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မိုဟာမက် ယူနွတ်စ် ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရခေါင်းဆောင်အဖြစ် ကျမ်းသစ္စာကျိန်ဆို



**ဒါကာ ဩဂုတ် ၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ရာထူးမှ နုတ်ထွက်ပြီးနောက် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် မိုဟာမက် ယူနွတ်စ်သည် ဘင်္ဂလားဒေ့ရှ် ကြားဖြတ်အစိုးရခေါင်းဆောင်အဖြစ် ယမန်နေ့က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ဩဂုတ် ၈ ရက်တွင် မြို့တော် ဒါကာ၌ ကျင်းပသည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ မိုဟာမက် ယူနွတ်စ်သည် ကြားဖြတ်အစိုးရအဖွဲ့၏အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

အကြမ်းဖက်မှုနှင့် မငြိမ်မသက်မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးရန်သူဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပြန်လည်ထူထောင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက သတင်းထောက်များကို ပြောကြားသည်။

မိုဟာမက် ယူနွတ်စ်သည် ဆင်းရဲနွမ်းပါးသူများအတွက် အာမခံထားရှိရန်မလိုသည့် အသေးစားချေးငွေများကို ထုတ်ချေးပေးသည့် ဂရာမီန်ဘဏ် (Grameen Bank) ကို စတင်တည်ထောင်သူဖြစ်သည်။ ယူနွတ်စ်နှင့်၎င်း၏ဘဏ်သည် ၂၀၀၆ ခုနှစ်တွင် နိုဘယ်လ် ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သည်။

လက်ရှိကြားဖြတ်အစိုးရသည် ရွေးကောက်ပွဲကြီးမှူးကျင်းပရန် စီစဉ်ထားသည်။ ၎င်း၏ အဓိကစိန်ခေါ်မှုမှာ အာဏာရနှင့် အတိုက်အခံ အစုအဖွဲ့များကြား ကာလကြာရှည်စွာ သဘောထား ကွဲလွဲမှုများကို ရင်ဆိုင်ကျော်လွှားပြီး ဒီမိုကရေစီနိုင်ငံရေးစနစ်ကို တည်ဆောက်ခြင်းပင် ဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**




# ဆိုက်ဘာမှုခင်းနှိမ်နင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်မူကြမ်း ကုလသမဂ္ဂအတည်ပြု

**နယူးယောက် ဩဂုတ် ၉**

ဆိုက်ဘာမှုခင်းနှိမ်နင်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်တစ်ရပ်ချုပ်ဆိုရန် စာချုပ်မူကြမ်းကို ကုလသမဂ္ဂ ကော်မတီတစ်ရပ်က အတည်ပြုခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် အွန်လိုင်းမှ လိမ်လည်မှု၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် ငွေကြေးခဝါချမှုများကို နှိမ်နင်းရန် ဆောင်ရွက်နေသည်။

ယမန်နေ့က ယင်းစာချုပ် မူကြမ်းအား အတည်ပြုခဲ့ပြီး ယင်းကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဆိုက်ဘာမှုခင်းကျူးလွန်သူများအတွက် ပုန်းအောင်းမည့်နေရာကို ဖျက်ဆီးပစ်နိုင်ကာ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည့်နိုင်ငံများအနေဖြင့်လည်း အွန်လိုင်းမှ ကျူးလွန်သည့်ရာဇဝတ်မှုများကို နှိမ်နင်းရာတွင် ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယင်းစာချုပ်အရ ဆိုက်ဘာမှုခင်းဖြစ်ပွားမှု မြင့်တက်နေသည့် နိုင်ငံများအား ဆိုက်ဘာမှုခင်းများနှိမ်နင်းရာတွင် နည်းပညာအကူအညီများပေးမည်ဖြစ်သည်။

ယင်းစာချုပ်မူကြမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံက လာမည့်လတွင် အတည်ပြုမည်ဖြစ်ပြီး ယင်းစာချုပ်အား ရုရှားအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများက ထောက်ခံကြကြောင်းသိရသည်။ ယင်းစာချုပ်သည် အပြည်ပြည်ဆိုင်ရာဆိုက်ဘာမှုခင်းနှိမ်နင်းရေးအတွက် သိသာထင်ရှားသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်းသိရသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ**

**ဘာသာပြန်–စိုးသူရ**

# အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးစေ့စပ်ညှိနှိုင်းမှု အစည်းအဝေး ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည်

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံ ခေါင်းဆောင်များသည် အစ္စရေး-ဟားမတ်စ် အပစ်အခတ်ရပ်စဲရေးအတွက် ဩဂုတ် ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနိုင်ငံ့ခေါင်းဆောင်များ၏ စေ့စပ်ညှိနှိုင်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီရင်ခံစာတစ်ရပ်ကို အိမ်ဖြူတော်က ယမန်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစ္စရေး-ဟားမတ်စ် အရေးသည် ယခုအချိန်တွင် ရပ်ဆိုင်းသင့်ပြီဖြစ်ကြောင်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရသူများကိုလည်း ပြန်လည်လွှတ်ပေးသင့်ပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့အပါအဝင် ကြားဝင်စေ့စပ်ညှိနှိုင်းပေးသည့် နိုင်ငံများမှ ကိုယ်စားလှယ်များ အလုံးစုံပါဝင်သည့် အပစ်အခတ်ရပ်စဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုမှတစ်ဆင့် အပြီးတိုင်ငြိမ်းချမ်းရေးရရှိစေရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အစ္စရေးနှင့် ဟားမတ်စ်ခေါင်းဆောင်များအား ဒိုဟာ သို့မဟုတ် ကိုင်ရိုမြို့တော်၌ လာမည့် ဩဂုတ် ၁၅ ရက်တွင်တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေးအတွက် အပြီးတိုင် ဆွေးနွေးမှုများ လုပ်ဆောင်စေလိုကြောင်း အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံခေါင်းဆောင်များက တောင်းဆိုထားသည်။

အဆိုပါဆွေးနွေးပွဲများဆောင်ရွက်ရန်အတွက် အစ္စရေးကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်ရန် အဆင်သင့်ပြင်ဆင်ထားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

သို့သော် ဟားမတ်စ်အဖွဲ့က စေ့စပ်ညှိနှိုင်းရေးဆွေးနွေးပွဲသို့ တက်ရောက်ရန် သဘောတူညီမှုရှိ၊ မရှိကိုမူ လက်ရှိအချိန်အထိ ရှင်းလင်းစွာ မသိရသေးပေ။

ဟားမတ်စ်နိုင်ငံရေးခေါင်းဆောင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရပြီးနောက် ဟားမတ်စ်အဖွဲ့သည် အပစ်အခတ်ရပ်စဲရေးဆွေးနွေးမှုများ လုပ်ဆောင်ရန် နှုတ်ဆိတ်လျက်ရှိသည်။

ဟားမတ်စ်အဖွဲ့သည် ယာယာဆင်းဝါကို ၎င်းတို့၏ နိုင်ငံရေးခေါင်းဆောင်အသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ပြီးခဲ့သည့်အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် အစ္စရေးနိုင်ငံအပေါ်တိုက်ခိုက်မှုတွင် ယာယာဆင်းဝါသည် အဓိကကြိုးကိုင်သူဖြစ်ကြောင်း အစ္စရေးအဖွဲ့က စွပ်စွဲပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ယီမင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများကြောင့် သေဆုံးသူ ၄၅ ဦးရှိလာ

**ဆာနာ ဩဂုတ် ၉**

ယီမင်နိုင်ငံအနောက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုမှတစ်ဆင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးမှုများကြောင့် သေဆုံးသူ ၄၅ ဦးရှိလာကြောင်း ယီမင်နိုင်ငံ ကြက်ခြေနီအဖွဲ့အစည်း၏ ပြောကြားချက်ကို ကိုးကား၍ ယီမင်နိုင်ငံပိုင်ရုပ်မြင်သံကြား႒ာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါမိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုများသည် ယခုတစ်ပတ်အတွင်း ပြည်နယ်ခုနစ်ခု၌ ပြင်းထန်စွာရိုက်ခတ်ခဲ့ခြင်းကြောင့် အနည်းဆုံး ၁၂ ဦး ပျောက်ဆုံးလျက်ရှိကြောင်းနှင့် ရေကြီးမှုများ ကြောင့် လူနေအိမ် ၁၂၅၈၄ လုံးပျက်စီးခဲ့ပြီး လူပေါင်း ၃၄၆၀ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ယီမင်နိုင်ငံပိုင် ရုပ်မြင်သံကြား႒ာနက သတင်းဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုဒဏ်ခံခဲ့ရသည့် ပြည်နယ်ခုနစ်ခုအနက် ဟိုဒေဒါပြည်နယ်သည် ထိခိုက်မှုအများဆုံးဒေသဖြစ်ကြောင်း သိရသည်။ အခြားသော သဘာဝဘေးဒဏ်ခံစားခဲ့ရသည့် ဒေသများမှာ ဟက်ဂျာ၊ အမ်မရန်၊ ဆာဒါ၊ ဒါမာ၊ ဆာနာ စသည့်ဒေသများဖြစ်သည်။

ယီမင်နိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် အကျိုးဆက်အဖြစ် ရေမသန့်ရှင်းမှုနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးစနစ်များ အားနည်းမှုကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားလာနိုင်ခြေမြင့်တက်လာမည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က စိုးရိမ်လျက်ရှိကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**

# လာအိုနိုင်ငံ၌ မြေငလျင်စောင့်ကြည့်ရေးစင်တာဖွင့်လှစ်

**ဗီယင်ကျန်း ဩဂုတ် ၉**

လာအိုနိုင်ငံ မြို့တော်ဗီယင်ကျန်း၌ မြေငလျင်စောင့်ကြည့်ရေးစင်တာတစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။




ယင်းစင်တာသည် မြေငလျင်ဆိုင်ရာ သတင်းအချက်အလက်များကို ကွန်ရက်တည်ထောင်ပြီး ထိုင်း၊ ဗီယက်နမ်နှင့် အခြားအရှေ့တောင်အာရှနိုင်ငံများမှ ရယူမည်ဖြစ်သည်။

ယင်းမြေငလျင်စောင့်ကြည့်ရေးစင်တာတွင် သတင်းအချက်အလက် ရယူနိုင်သည့် ရုပ်မြင်သံကြား ဖန်သားပြင်လေးခု၊ ကွန်ပျူတာနှစ်လုံးနှင့် အခြား မြေငလျင် စောင့်ကြည့်ရေး ကိရိယာများကို တပ်ဆင်ထားပြီး မြေငလျင်နှင့် ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များကို စောင့်ကြည့်မည်ဖြစ်သည်။

ငလျင်လှုပ်ခတ်ခြင်းနှင့် ပတ်သက်၍ လှုပ်ခတ်သည့်အချိန်၊ ငလျင်၏တည်နေရာ၊ ပမာဏနှင့် ဗဟိုချက်တို့ကို သိရှိနိုင်စေရေးအတွက် အလိုအလျောက်လုပ်ငန်းဆောင်ရွက်နိုင်သည့်စနစ်ကို ယင်းစင်တာတွင် တပ်ဆင်ထားသည်။

ယင်းမြေငလျင်စောင့်ကြည့်ရေးစင်တာသည် နိုင်ငံအတွင်း သဘာဝဘေးဆိုင်ရာ သတင်းအချက်အလက်ကဏ္ဍ တိုးတက်စေရေးအတွက် တာဝန်ရှိသူများ၏ ကြိုးပမ်း ဆောင်ရွက်ချက်ဖြစ်သည်။ **ကိုးကား–ဆင်ဟွာ**

**ဘာသာပြန်–စိုးသူရ**

# ပြင်ဦးလွင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၉**

ပြင်ဦးလွင်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဘိုးနေဒွန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ဒွေး၊ မင်းသီဟနှင့် မောင်လှိုင်တို့ သုံးဦးအား



မောင်လှိုင်၊ မင်းသီဟ၊ အောင်ဒွေး တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၅၉၇၅ ပြားကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၈)ရပ်ကွက် ဒေင်လမ်းမပေါ်တွင် မသင်္ကာဖွယ်တွေ့ရှိသူ သီလအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်သွားကြောင်း သတင်းအမှားများဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၉**

ထိုင်းနိုင်ငံ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အတင်းအဓမ္မ စစ်သားစုဆောင်းရန် ခေါ်ဆောင်သွားကြောင်း သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကော့သောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါလွှဲပြောင်းပေးခဲ့သူများကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း မြို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စနစ်တကျလက်ခံဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို အကြောင်းအရာမျိုးစုံဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# တရားမဝင် သစ်မျိုးစုံ၊ ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရွာသာကြီး Dry Port ၌ ကျိုင်းတုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ခြေအိတ် ကီလိုဂရမ် ၅၅၀၊ Maidingge အသားကြိတ်စက်နှစ်ခု၊ Auxilliary Water Cooled Reactor တစ်လုံး အပါအဝင် ကုန်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၇၉၅၆၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Truck တစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၇၉၅၆၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၇ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့ မြို့အဝင် စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၇ ရက်တွင် ဘုရားကြီးမြို့ မြို့အဝင်၌ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Toe Post Sandal/Slipper ဖိနပ်အရန် ၄၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည် ပုလင်း ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)နှင့် ပဲခူးမြို့ သွန်းဘုရားကြီးရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ၂၈၃ ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၅၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ပြည်ခရိုင် ရွှေတောင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ Hijet ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၉၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၆၂၉၇၂)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၂၅၂၉၇၂ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သာကေတမြို့နယ် Novel Health Care ဆေးခန်း၌ တရားမဝင် ဆေးဝါးများဖြစ်သည့် Abhayrab ခွေးရူးပြန်ကာကွယ်ဆေးဘူး ၁၀၀ အပါအဝင် ကာကွယ်ဆေးခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၈ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင် ပေါင်မြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၇၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၅၄) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၆၆၃၆၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၈-၂၀၂၄ စနေနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓာတုဇ္ဇုဂ်သုတ်၊ ပုဗ္ဗဏှသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ ဝက်ယူစရာသမိုင်းအမွေအနှစ်များနှင့် ချစ်သောပုဂံမြေ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၀၀ ချစ်စရာ့အရှယ်ကစားကြမယ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁၈) (ဇာတ်သိမ်းပိုင်း)
၁၃:၃၀ MRTV National News
၁၆:၅၀ ပုံပြင်ကမ္ဘာအစီအစဉ် 'တန်ဖိုး'
၁၇:၀၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၂၅ အနာဂတ်ရဲ့အလှပျိုးခင်း
၁၇:၄၅ အိုလံပစ်အားကစားပြိုင်ပွဲ (Highlight)(16)
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၁၆)
၁၈:၄၅ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း' (အပိုင်း-၂၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဇာတ်တော်ကြီးပြိုင်ပွဲ) "ဘူရိဒတ်ဇာတ်တော်ကြီး" (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး) (ပထမပိုင်း)

### mitv

07:02 Evergreen Classic: Mingalar Su Taung (Kyawt Kay Khaing)
07:09 Weekly Review
07:25 CBT in Hopone Township
07:37 International Biodiesel Day (10th August)
07:42 Myanmar Designer Studio: Amy
08:01 News
08:26 Myanmar-Korea Song (1)
08:36 Quiz Time (Ep-44)
09:53 Myanmar Traditional Snacks: Sago Syrup with Sweet Potato
10:01 News
10:26 Encouraging Sustainable MSMEs In Media & Entertainment Industry (Philippines)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)** ခွေးမာဆန်ပြုတ်ချက်နည်း
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)** ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ
**ကယား (၁၀:၀၀ မှ ၁၂:၀၀)** ဘာသာစကားဖြင့်ချစ်ကြည်စေမည်
**ဂေဘာကရင် (၁၂:၀၀ မှ ၁၃:၀၀)** စပ်လဲရေတံခွန်သို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** အစာအိမ်ရောဂါအကြောင်း
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကရင်ဖြူတိုင်းရင်းသားတို့ရဲ့ကြက်ရိုးထိုးတဲ့ဓလေ့
**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** သိကောင်းစရာငှက်ဖျားရောဂါအကြောင်း
**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)** နွားနောက်သားဆန်ပြုတ်
**မွန် (၁၇:၀၀ မှ ၁၈:၀၀)** မွန်ယဉ်ကျေးမှုပြတိုက်
**ရခိုင် (၁၈:၀၀ မှ ၂၁:၀၀)** လေးရှင်းတောင်မီးပြတိုက်ဟောင်း
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၃)

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၇:၄၅ 2024 Paris Olympic Football Highlights
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်မလောနဲ့'
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၂)
၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၀)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၀ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့တစ်နှစ်သုံးသီးစိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ ကိုယ်ချစ်မဝမယ်မင်းကြီးမ (ဇာတ်လမ်း)
၁၉:၃၀ How Texas Farmers Use 127 Million Acres of Farmland - American Farming Documentary
၂၂:၀၀ Satyaperm Ki Katha 2023 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Olympic Football Highlight
၀၇:၄၀ PARIS OLYMPIC GAMES SPECIAL
၁၁:၀၀ အားကစားသတင်း
၁၅:၁၅ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Shan United FC VS ISPE FC

Scan Here
MRTV / MRTV / MRTV Radio / MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

## ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သတင်းတု၊ သတင်းမှားများ ဖော်ပြလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း DVB TV News အမည်ခံ Facebook Page တွင် ဇူလိုင် ၃၁ ရက်က သတင်းတု၊ သတင်းမှားများ စွပ်စွဲရေးသား ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ရာသီဥတုအရ ဖြစ်ပေါ်လာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၏ ညွှန်ကြားချက်များနှင့်အညီ အိပ်ဆောင်များကို သန့်ရှင်းရေး စနစ်တကျပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မိလ္လာနေရာများကို ထုံးဖြူးခြင်း၊ သောက်ရေသန့်ကိုသာ သောက်သုံးစေခြင်း၊ ပါဆယ်ပစ္စည်းများကို လက်ခံရာတွင်လည်း ကျန်းမာရေးနှင့်ညီညွတ်မှုရှိ၊ မရှိ စစ်ဆေးပြီးမှ လက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဒိုက်ဦးဗဟိုအကျဉ်းထောင်နှင့် ကျိုက်စကောစခန်းများရှိ အကျဉ်းသား အကျဉ်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုရှိ၊ မရှိ အကျဉ်းထောင် ဆေးရုံအုပ်က ကျန်းမာရေးကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသူမရှိဘဲ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် အကျဉ်းထောင်ဆရာဝန်၏ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူစောင့်ရှောက်ကုသလျက်ရှိကာ လိုအပ်သော ဆေးဝါးများကို ဌာနရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိ၍ ဆေးဝါးကုသပေးခြင်းအတွက် ငွေပေးရန်မလိုကြောင်း သိရသည်။

ထို့ကြောင့် DVB TV News အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

**ကိုဖြိုး**



## မှော်ဘီမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မှော်ဘီ ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်) ပညာသန္ဓေခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) မြို့နယ်လူငယ်ရေးရာကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းစိုးက အဖွင့်အမှာစကားပြောကြားခြင်း၊ မှော်ဘီမြို့နယ်အားကစားတာဝန်ခံ ဒေါ်လွဲ့လွဲ့လွင်က အားကစားပြုလုပ်ရခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခြင်း၊ မှော်ဘီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရာရှိဦးစန်းဝင်းက "ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ကြစို့" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီးဒေါက်တာစောမြထွန်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မှော်ဘီမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး စန်းထွေးက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မှော်ဘီမြို့နယ် အမှတ်(၆၄) ယဉ်ထိန်းရဲတပ်ဖွဲ့စုတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်အားကစားတာဝန်ခံ ဒေါ်လွဲ့လွဲ့လွင်က အထက(သန္ဓေပင်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာထံ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို ဩဂုတ် ၇ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုများကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏလုပ်ဆောင်နေပြီး ၎င်းတို့ပစ်ခတ်သည့် အချို့လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်များကို တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် သတင်းအမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Phyo Thu Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ ဖြိုးသူအောင် (ခ)ဖြိုးကြီးအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Ko Sai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ စိုင်းဇင်မော်အား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ တိရစ္ဆာန်အစာနုအိတ်များ ထောက်ပံ့ပေးအပ်

ရေကြည် ဩဂုတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံးက ရေကြည်မြို့နယ်အတွင်း ရေဝင်သည့်ကျေးရွာများသို့ ခွဲဝေပေးသည့် တိရစ္ဆာန်အစာနုအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရေကြည်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေးက အဖွင့်အမှာစကားပြောကြားပြီး ကျုံပျော်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာထွန်းမင်းက နွားစာအိတ် ဖြန့်ဖြူးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဦးစီးမှူးရုံးက ရေကြည်မြို့နယ်အတွင်း ရေဝင်ရောက်သည့် ကျေးရွာများရှိ ကျွဲ၊ နွားများအတွက် ခွဲဝေပေးထားသည့် တိရစ္ဆာန်အစာနုအိတ် ၅၀ ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းချစ်အေးနှင့် တာဝန်ရှိသူများက တိရစ္ဆာန်ပိုင်ရှင်များ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဟသ်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးကျင်းပ

ဟသ်္သာတ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်္သာတမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနားတွင် အသင်းစုဥက္ကဋ္ဌ ဦးသန်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဟသ်္သာတမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းစိုး၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်တင်အေးတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ သဘာပတိဦးဆောင်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အကျိုးငွေခွဲဝေပေးခြင်းတို့ကို တက်ရောက်လာသော အသင်းသားများထံမှ အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**မြစ်ကြီးနား ဩဂုတ် ၉**

ဌာနဆိုင်ရာအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရေး၊ ကျန်းမာကြံ့ခိုင်ပြီး အလုပ်တာဝန်များတွင် ပျော်ရွှင်စွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ရည်ရွယ်ကာ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲကို ကျင်းပပေးခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခွဲက နောက်ဆုံးဗိုလ်လုပွဲနှင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ပြည်နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

**အားပေးကြည့်ရှု**

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဝန်ကြီးဌာနများမှ ဘောလုံးအသင်း ခုနစ်သင်းဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲစဉ်အဖြစ် သယံဇာတရေးရာဝန်ကြီးဌာန ဘောလုံးအသင်းနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဘောလုံးအသင်းတို့၏ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ကြီးဌာနအလိုက် အရာထမ်း/ အမှုထမ်းများက အားပေးကြည့်ရှုခဲ့ကြရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘောလုံးအသင်းက အချိန်ပိုမိနစ် ၃၀ တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘောလုံးအသင်းအား တစ်ဦးချင်း လည်ဆွဲဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဆုဖလားတို့အား ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီကလည်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန ငြိမ်းချမ်းသာယာအားကစားရပ်ဝန်းအတွင်းရှိမိုးလုံလေလုံဘော်လီဘောအားကစားခန်းမ၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ပြည်နယ်ဘော်လီဘောဆပ်ကော်မတီက စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပြည်နယ်လက်ရွေးစင်ဘော်လီဘောအသင်းနှင့် ရမ်ပူလူငယ်ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က အဆိုပါပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ နည်းပြအဖွဲ့၊ ဒိုင်အဖွဲ့နှင့် ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်



**ဘီးလင်း ဩဂုတ် ၉**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပညာရေးဌာနနှင့်ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲများကို ယနေ့ နံနက်ပိုင်းက အလက (ခွဲ) ဗိုလ်တေဇ ကျောင်း၌ ဆောင်ရွက်ကြသည်။

**ဟောပြောဆွေးနွေး**

ဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ချိုဝင်းက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ရည်မှန်းချက်များအောင်မြင်စေရေး၊ကျောင်းစာအပြင် ဗဟုသုတတိုးပွားစေမည့် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး၊ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေးတို့ကို ဟောပြောဆွေးနွေးသည်။

ထို့နောက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှု တိုက်ဖျက်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေး၊ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ကွမ်းစားသုံးခြင်းနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှုများ ကျဆင်းပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သထုံမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**သထုံ ဩဂုတ် ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခန့်က အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း သင်ကြားသင်ယူမှုအထောက်အကူပြုခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးဟောပြော**

ဟောပြောပွဲတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေဝါလှိုင်က လူငယ်ရေးရာဟောပြောပွဲကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာများအသင်းဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင် က "လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များ အနာဂတ်ဘဝလှပဖို့ လိုက်နာကျင့်ကြံရမည့် အချက်ရှစ်ချက်တို့ကိုလည်းကောင်း လူငယ်များဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လိုက်နာမှတ်သားပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ခရိုင်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**○ MNL မှ**

ထို့ကြောင့် Dagon Port အသင်းသည် ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းလာပြီး ၇၉ မိနစ်တွင် မိုဂူက ချေပဂိုးပြန်သွင်းကာ ၉၀+၄ မိနစ်တွင် မျိုးဆက်ပိုင်က အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် မျိုးဆက်ပိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် Dagon Port အသင်းက ခြောက်ပွဲကစား ခုနစ်မှတ်၊ မြဝတီအသင်းက ခြောက်ပွဲကစား လေးမှတ်ရရှိထားသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် အား/ကာသိပ္ပံ၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက်၊ သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်နှင့် သစ္စာအားမာန်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။


**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

# ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်း လုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ





၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မိုးရွာသွန်းခဲ့သည့်စခန်း ၃၁ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




**၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၈ |
| ၃ | မြစ်ကြီးနား | ၇.၁ |
| ၄ | ပူတာအို | ၆.၉ |
| ၅ | ဗန်းမော် | ၆.၉ |
| ၆ | တောင်ကြီး | ၇.၃ |
| ၇ | မိုင်းဆတ် | ၆.၉ |
| ၈ | ကျိုင်းတုံ | ၆.၇ |
| ၉ | စစ်ကိုင်း | ၆.၅ |
| ၁၀ | မုံရွာ | ၇.၂ |
| ၁၁ | ပျဉ်းမနား | ၆.၅ |
| ၁၂ | ပြင်ဦးလွင် | ၆.၆ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၄ | မှော်ဘီ | ၆.၆ |
| ၁၅ | မကွေး | ၆.၆ |
| ၁၆ | အောင်လံ | ၆.၇ |
| ၁၇ | စစ်တွေ | ၆.၇ |
| ၁၈ | ကျောက်ဖြူ | ၆.၇ |
| ၁၉ | ပြည် | ၆.၉ |
| ၂၀ | ပဲခူး | ၇.၀ |
| ၂၁ | တောင်ငူ | ၆.၇ |
| ၂၂ | ပုသိမ် | ၆.၉ |
| ၂၃ | မအူပင် | ၆.၉ |
| ၂၄ | ဟင်္သာတ | ၆.၉ |
| ၂၅ | မော်လမြိုင် | ၇.၀ |
| ၂၆ | ရေး | ၆.၇ |
| ၂၇ | ဘီးလင်း | ၆.၉ |
| ၂၈ | ဘားအံ | ၆.၀ |
| ၂၉ | ထားဝယ် | ၆.၉ |
| ၃၀ | မြိတ် | ၆.၈ |
| ၃၁ | ကော့သောင်း | ၆.၈ |

## မိုင်းတုံမြို့နယ် မောက်စလီကျေးရွာ၌ သောက်သုံးရေဖူလုံစေမည့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**မိုင်းတုံ ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မိုင်းတုံမြို့နယ် မောက်စလီကျေးရွာ၌ စိမ့်စမ်းရေရရှိရန် ရေပိုက်သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် မောက်စလီကျေးရွာတွင် အရှည် ၃မိုင်ရှိ ရေပိုက်လိုင်းများ သွယ်တန်းထားရှိမှု၊ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်ပြီးစီးမှုနှင့် အလျား ၂၅ ပေ၊ အနံ ၃ပေ၊ အမြင့် ငါးပေရှိ ရေတားတမံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ရေရရှိရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ကျေးရွာရေကော်မတီများ ဖွဲ့စည်း၍ စနစ်တကျသုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅၅ သိန်း အကုန်အကျခံကာ ခရိုင်/မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကွင်းဆင်းကြီးကြပ်မှုများဖြင့် တင်ဒါအောင်မြင်သော ချမ်းသာသုခကုမ္ပဏီက ယခုနှစ် ဇွန်လ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ မောက်စလီကျေးရွာမှ အိမ်ထောင်စု ၇၅ စု၊ လူဦးရေ ၃၁၅ ဦးတို့အတွက် နွေရာသီရေရှားပါးသည့် ပြဿနာများ ပြေလည်ကာ သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိနေပြီ ဖြစ်ကြောင်း သိရသည်။

၂၂၂

## ရွှေပညာဒါန ( အခမဲ့ ) ရွှေအသိပညာပေး သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ (၃၃) ကြိမ်မြောက် ရွှေပညာဒါန ( အခမဲ့ ) ရွှေအသိပညာပေးသင်တန်းဆင်းပွဲကို ဩဂုတ် ၈ ရက်က အသင်းရုံးတည်ရှိရာ ပန်းဘဲတန်းမြို့နယ် (၆) ရပ်ကွက် ရွှေဘုံသာလမ်းတွင် ကျင်းပသည်။

ရွှေပညာဒါန သင်တန်းဆင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း နာယက ဦးစန်းလွင်က အမှာစကားပြောကြားသည်။ ထို့နောက်အသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အမှုဆောင်များ၊ သင်တန်းဆရာ ဆရာမများက သင်တန်းသား သင်တန်းသူတို့ကို သင်တန်းဆင်း လက်မှတ်များပေးအပ်သည်။

သင်တန်းနောက်ဆုံးနေ့ဖြစ်သည့် ဩဂုတ် ၈ရက်တွင် ရွှေသန့်စင်ခြင်း ဘာသာရပ်အား ဆရာမ ဒေါ်သော်တာသန်း ( BT– ဘသန်းရွှေသန့်စင်လုပ်ငန်း ) က သင်ကြားပို့ချသည်။

ဒုတိယပိုင်းတွင် ရွှေပန်းထိမ်ပညာကိုမြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကြည်စိန် နဂါးညီနောင် ရွှေပန်းထိမ် (ပင်ရင်း) က သင်ကြားပို့ချသည်။

သင်တန်းသို့သင်တန်းသားသင်တန်းသူ ၁၀၀ ကျော်တက်ရောက်ကြပြီးသင်တန်းကာလမှာ ဩဂုတ် ၁ ရက်မှ ၈ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းသူရ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ငယ်ငယ်တုန်းက

**သိပ္ပံမောင်ဝ**

မောင်လူအေးခမျာမှာ မိဘဆွေမျိုးတို့နှင့်တကွ နေရပ်ကိုပါ ခွဲခွာလာခဲ့ရသည်မှာ ခုနစ်နှစ်ခန့်ပင် ကြာလေပြီ။ တစ်နှစ်နေ၍ တစ်ခေါက် မရောက်နိုင်ရှာ။ ရောက်ပြန်ပါလည်း တစ်ရက်၊ နှစ်ရက်သာနေရ၊ မိဘဆွေမျိုးတို့နှင့် စကားပြော၍မျှ မဝသေး ပြန်လာခဲ့ရလေသည်။ အစိုးရအလုပ် ဝင်လုပ်မိရက်ဖြစ်သောကြောင့် မည်သည်းသာပြီ၊ မညူသာပြီ။ အစိုးရမင်းက ပို့သောနေရာသို့ သွားရမည်။ မငြင်းနိုင်။ အစိုးရမင်းက ခွင့်ပေးမှ အိမ်ပြန်ရမည်။ မဆန်နိုင်။

သီတင်းကျွတ်လတွင် ရုံးဆယ်ရက်ပိတ်၏။ ကျောင်းမှာတုန်းကကဲ့သို့ ရုံးပိတ်လျှင်ပိတ်ချင်း အိမ်ပြန်ချင်တာမရ။ အမိန့်တောင်းရသေးသည်။ မိမိအုပ်ချုပ်ရသော နယ်ကွက်ကွက်ကလေးအတွင်း အကျယ်ချုပ် ခံနေရသောသူပေတည်း။ အခွင့်မရလျှင် ၎င်းနယ်မှမထွက်နိုင်။ ရုံးပိတ်ရက်အတွင်း နေရပ်ပြန်ရန် ကြိုတင်ကာခွင့်တောင်းထား၏။ ခွင့်ရလေပြီ။ မောင်လူအေး ဝမ်းမြောက်၍ မဆုံးနိုင်။

ရုံးပိတ်သော ညမှာပင် နေရပ်သို့ လိုက်၍သွား၏။ မီးရထားတစ်တန်၊ မီးသင်္ဘော တစ်တန် နှစ်ရက်အတွင်း နေရပ်သို့ ရောက်လေတော့သည်။ မိဘဆွေမျိုးများ ဝမ်းမြောက်၍မဆုံး။ အသိမိတ်ဆွေများ ဝမ်းမြောက်၍မဆုံး။ ငယ်ကျွမ်းများ ဝမ်းမြောက်၍မဆုံး။ စကားပြောလိုက်ကြသည်မှာ တသောသော။

ငယ်ကျွမ်းဖြစ်ကြသော ငမဲ၊ ပါပု၊ တင်သာ၊ မြတ်ထွန်း၊ ဘအေး၊ အောင်လှ၊ ဘိုးကျွန်း၊ ငအောင်တို့ တစ်ယောက်ပြီးလျှင်တစ်ယောက် ပေါက်လာကြ၏။ ပေါင်ပုတ်၊ ဒူးပုတ်၊ ကျောပုတ်နှင့် စကားပြောလိုက်ကြသည်မှာ အားရစရာ။ မိမိတို့အထဲမှ ထူးထူးချွန်ချွန် မောင်လူအေးတစ်ယောက်သာ ဝန်ထောက်ဖြစ်သောကြောင့် ဝမ်းမြောက်၍ မဆုံးနိုင်ကြပြီ။ ငယ်ကျိုးငယ်နာတွေကို ဖော်ကာ တဟားဟား၊ တဝါးဝါးနှင့် နေကြလေတော့သည်။ ၎င်းတို့သာလျှင် မိတ်ဆွေအရင်းအချာတို့ပါတကား။ ဝန်ထောက်ဆိုသောဂုဏ်ကို အမှုမထား၊ ဂရုမစိုက်၊ အရေးမလုပ်။ မောင်လူအေး ရိုးရိုးကိုသာလျှင် သဘောရိုးရိုးနှင့် ချစ်ခင်ကြသောသူများပေတည်း။

ဤသို့ ငယ်ကျွမ်းများနှင့် တဟားဟားနှင့်နေခိုက် ငယ်ငယ်က အဖြစ်အပျက်တွေကို သတိရမည်ပင်။ မည်သူသတိမရဘဲ နေပါဦးနည်း။

ငယ်ငယ်တုန်းက ညလသာသာတွင် ငမဲ၊ တင်သာ၊ ဘကြီး၊ စံရှင်းတို့နှင့် လမ်းလျှောက်ကာ တကြော်ကြော်နှင့် နေခဲ့ကြ၏။ သန်းခေါင်ကျော်သည့်တိုင်အောင် မအိပ်ကြသေး။ ဦးသေးလေး အိမ်ရှေ့တွင်စိုက်ထားသော သင်္ဘောပင်မှ သင်္ဘောသီးကိုခိုးကာ ဒေါ်ငြိမ်းအောင်တို့ အိမ်တွင် လက်သုပ်စားကြသည်များကို သတိရ၏။ ယခုမှာကား ငမဲတို့မှာလည်း သားတွေ၊ သမီးတွေနှင့် ဖြစ်နေပေပြီ။ မိမိလည်း တစ်ရပ်တစ်ကျေးသို့ ရောက်နေပေပြီ။

ငယ်ငယ်တုန်းက ကွင်းပြင်ထဲ နေပူကျဲကျဲ ကုလားဘုရားပျက်နားတွင် ဘအေးတို့နှင့် သီဟိုဠ်စေ့ ဖုတ်စားကြသည်များကို လည်းကောင်း၊ ထိုကုလားဘုရားအနီး ကုလားပုကန်တွင် ရေကူးသင်ကြသည်များကိုလည်းကောင်း၊ ရေကူးသင်နေကြခိုက် မြတ်ထွန်းရေနစ်သွားသဖြင့် ဝိုင်းဝန်းကာ ကယ်ကြဆယ်ကြရသည်ကို လည်းကောင်း တွေးမိပေ၏။ ယခုမူကား ကုလားပုကန်နေရာတွင် မီးရထားလမ်းဖောက်လျက်ထားပေပြီ။ ကုလားဘုရားပျက်လည်းမရှိတော့ပြီတကား။ ထိုနေရာတွင် မီးရထားစက်ဆရာ၏နေထိုင်ရာ အိမ်ကြီးတည်လျက်ရှိလေပြီ။

ငယ်ငယ်တုန်းက စံရှင်း၊ ဘတင့်၊ ပါပု၊ တင်သာ စသော တစ်ခြမ်းပွဲသားတွေက တစ်ဖက်။ ငမဲ၊ စံဖေ၊ မြတ်ထွန်း၊ မောင်လူအေး စသော နတ်ကျွန်းသားတွေက တစ်ဖက်။ ကုလားပုရွာချောင်းကို အလယ်ကထားကာ စစ်တိုက်ကစားကြသည်များကိုလည်း မမေ့နိုင်။ တစ်ဖက်နှင့်တစ်ဖက် ဘူးသီးဖြင့် ပေါက်ကြရာတွင် မောင်လူအေး၏ ပါးကိုမှန်သဖြင့် မောင်လူအေး၏ ပါးတစ်ခြမ်းရောင်၍ အိမ်ပြန်ရသည်ကိုလည်း မမေ့နိုင်။ အိမ်ပြန်ရောက်၍ လူကြီးများက မေးသောအခါ လဲကျ၍ ကျောက်နှင့် ဆောင့်မိသည်ဟု လိမ်၍ပြောရသည်ကိုလည်း မမေ့နိုင်။

ငယ်ငယ်တုန်းက နေပူကျဲတွင် ဆရာဦးအုံး၏ ခြံထဲသွား၍ သရက်သီးပစ်စားကြရာ ဦးအုံး လောက်လေးနှင့် ခွင်းသောကြောင့် စံရှင်း၏ ခြေထောက်ကို မှန်သည်များကိုလည်း စဉ်းစားမိပေ၏။ စံရှင်း ကောင်းကောင်း မပြေးနိုင်သောကြောင့် မောင်လူအေးနှင့် ငမဲတို့ တွဲပြေးခဲ့ရသည်ကိုလည်း စဉ်းစားမိ၏။ ဦးအုံးကြီးကား သေရှာပေပြီ။ ၎င်း၏ ဥယျာဉ်လည်း ချစ်တီးလက်သို့ ရောက်ရှာလေပြီ။ ဥယျာဉ်အတွင်း၌လည်း သရက်ပင်များ မရှိတော့ပြီ။ အလွန်ခမ်းနားသော တိုက်ကြီးတစ်လုံးကိုသာလျှင် မြင်ရတော့၏။ ဩော်.. သင်္ခါရ၊ သင်္ခါရ။ ဘာတစ်ခုမှ မမြဲပါတကား။

"ငယ်ငယ်တုန်းက နေပူကျဲတွင် ဆရာဦးအုံး၏ ခြံထဲသွား၍ သရက်သီးပစ်စားကြရာ ဦးအုံး လောက်လေးနှင့် ခွင်းသောကြောင့် စံရှင်း၏ ခြေထောက်ကိုမှန်သည်များကိုလည်း စဉ်းစားမိပေ၏။ စံရှင်း ကောင်းကောင်းမပြေးနိုင်သောကြောင့် မောင်လူအေးနှင့် ငမဲတို့ တွဲပြေးခဲ့ရသည်ကိုလည်း စဉ်းစားမိ၏။ ဦးအုံးကြီးကား သေရှာပေပြီ။ ၎င်း၏ ဥယျာဉ်လည်း ချစ်တီးလက်သို့ ရောက်ရှာလေပြီ။ ဥယျာဉ်အတွင်း၌လည်း သရက်ပင်များ မရှိတော့ပြီ။ အလွန်ခမ်းနားသော တိုက်ကြီးတစ်လုံးကိုသာလျှင် မြင်ရတော့၏။ ဩော်.. သင်္ခါရ၊ သင်္ခါရ။ ဘာတစ်ခုမှ မမြဲပါတကား"

ငယ်ငယ်တုန်းက မိုးဦးပေါက်စ ကွင်းပြင်ထွက်ကာ တင်သာ၊ ဘကြီး၊ မောင်ပါ၊ မောင်ထွန်း၊ ထွန်းခင်တို့နှင့် မြက်ကြားမှိုများလိုက်၍ နုတ်သည်များကိုလည်း သတိရမိပေ၏။ တင်သာက ဘိုးစိန် ဆိုပုံ၊ အောင်ဇလ ဆိုပုံ၊ စိန်ကတုံး ဆိုပုံတို့ကိုဆို၊ ဘကြီးက ၎င်းတို့နှင့် တူအောင်ကပြီး တရုန်းရုန်းနှင့် ပျော်ကာပါးကာ သွားလာကာနှင့် မှိုရှာကြသည်များကိုလည်း သတိရမိပေ၏။ မှိုများကိုရှာလာပြီးနောက် ဒေါ်ဝက်မတို့အိမ်တွင် ကန်စွန်းရွက်နှင့်ဖက်ကာ ကျော်ပြီးလျှင် တပျော်တပါး စားလားသောက်လားနှင့် နေခဲ့ကြသည်ကိုလည်း သတိရမိပေ၏။

ငယ်ငယ်တုန်းက လသာသာတွင် သန်းတင်၊ ဘကြီး၊ မောင်ပါ၊ ဒေါ်ညိမ်းဒွေး၊ ဒေါ်သာအိ၊ မိခွေး၊ မိအောင်တို့နှင့် ထုပ်တိုးတမ်း ကစားကြသဖြင့် တစ်ညလုံး တည်ညံ့နှင့် နေသည်များကိုလည်း သတိမရဘဲ မနေနိုင်။ ဒေါ်ညိမ်းဒွေးနှင့် ဒေါ်သာအိတို့ မိ၊ မမိ ငြင်းကြရာက ခိုက်ရန်ဖြစ်ပွားကြသည်ကိုလည်း သတိမရဘဲမနေနိုင်။ ထုပ်တိုးသဖြင့် လဲရာ မိမိဒူးပြဲသွားသည်ကိုလည်း သတိမရဘဲမနေနိုင်။

ငယ်ငယ်တုန်းက လသာသာ ညတစ်ည လူခြေတိတ်လျှင် ငမဲ၊ စံရှင်း၊ ကိုဘိုးအောင်၊ ကိုဘသက်၊ တင်သာ၊ ဘအေးတို့နှင့်တကွ ဦးသုံ အိမ်ရှေ့တွင် ရှိသမျှသော ပန်းအိုးတွေ၊ ဦးချစ်တီးအိမ်ရှေ့တွင် မြင်သမျှသော ပန်းအိုးတွေ၊ ဦးကန်ညွန့် အိမ်ရှေ့တွင် ထားသမျှသော ပန်းအိုးတွေ၊ ဒေါ်သူဇာအိမ်၌ ရှိသမျှသော ခုံရှည်တွေကိုယူပြီးလျှင် တင်သာတို့ အိမ်ရှေ့မြေလပ်တွင် ပန်းခြံကြီး ခင်းကျင်းထားသည်ကိုလည်း မြင်မယောင်ယောင်။ နောက်တစ်နေ့နံနက် ဦးသုံ၊ ဦးချစ်တီး၊ ဦးကန်ညွန့်၊ ဒေါ်သူဇာကြီးတို့ ပန်းအိုး၊ ခုံရှည်များပျောက်၍ လိုက်ရှာနေကြသည်ကိုလည်း မြင်မယောင်ယောင်။ မိမိတို့အိမ်သို့ ပြန်၍ ယူဆောင်နေကြရသောကြောင့်ဆူပူကြိမ်းမောင်းနေကြသည်ကိုလည်း မြင်မယောင်ယောင်။

ငယ်ငယ်တုန်းက ညဥ့်ဦးအချိန်တွင် ငယ်ကျွမ်းများနှင့် ဦးရှင်ကြီး တင်သော ကောက်ညှင်း၊ မုန့်ဆန်း စသည်တို့ကို လိုက်၍ လုစားခဲ့သည်များကို အဘယ်မှာလျှင် မေ့နိုင်ပါအံ့နည်း။ ဤလုပွဲများတွင် စံရှင်းက အတော်ဆုံးဖြစ်၏။ အမြန်ဆုံးဖြစ်၏။ အကဲအသိဆုံးဖြစ်၏။ ငမဲကား အမိုက်ဆုံးဖြစ်၏။ အရမ်းဆုံးဖြစ်၏။ အကြမ်းဆုံးဖြစ်၏။ အချိန်ကျသည်နှင့်တစ်ပြိုင်နက် ကျောင်းဆောင်ပေါ်မှ ကောက်ညှင်းပန်းကန်သည် စံရှင်းလက်ထဲသို့ ရောက်၍ သွားလေတော့၏။ စံရှင်းလက်ထဲသို့ ကောက်ညှင်းပန်းကန် ရောက်သွားသည်နှင့်တစ်ပြိုင်နက် ၎င်းပန်းကန်ထဲမှ ကောက်ညှင်းသည် ငမဲလက်ထဲသို့ ရောက်ရရှာလေ၏။ မောင်လူအေးကား နောက်လိုက်မျှသာ။ ဦးရှင်ကြီးပွဲကျ ကောက်ညှင်းအတွက် ငမဲနှင့်စံရှင်းတို့ကို အားကိုးခဲ့ရပေ၏။ ယခုကား စံရှင်းတွင် သားသမီး လေးယောက်။ ငမဲတွင် သားသမီး လေးယောက်ရှိနေပေပြီ။ ၎င်းတို့၏ အရိုက်အရာကို ၎င်းတို့သားများက ဆက်ခံလျက်ရှိနေလေပြီ။ စံရှင်းတို့မှာကား ဈေးထဲမှ ခြောက်ပြားနှင့် ဝယ်ခဲ့သော ဆေးတံကိုခါကာ ထိုအချိန်များတွင် မိမိတို့၏ ကြင်ရာတော်များနှင့် သားရေးသမီးရေး ဆွေးနွေးလျက်ကောင်းတုန်းပင်။

ငယ်ငယ်တုန်းက ချစ်စိန်ကား အပိုးတကာ့ထိပ်ပိတ်ဖြစ်၏။ ယောကျ်ားကလေးများအား အဖက်မလုပ်၊ လူရာဝင်သည်ပင် မထင်။ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်မြရင်၊ ဒေါ်ငွေသင်တို့နှင့်သာ ပေါင်းသင်းပေ၏။ ၎င်းတို့ ဆေးလိပ်ခုံများတွင်သာ ကျက်စားလေ့ရှိ၏။ ချစ်စိန်ကား လုံချည်၊ အင်္ကျီကောင်းကောင်း မဝတ်ရသေးလျှင် အိမ်ထဲမှ အိမ်ပြင် မထွက်။ အဝတ်အစား ပြောင်ပြောင်ဝတ်နိုင်မှ အိမ်မှ ထွက်လေသည်။ ထွက်ပြန်ပါကလည်း မိမိ၏ ကျင်လည်ရာ ဆေးလိပ်ခုံသို့သာ သွား၏။ အိတ်ထဲတွင်ကား စာနှစ်စောင်၊ သုံးစောင် အမြဲပါ၏။ အရွယ်အချင်းချင်း ဆုံမိလျှင် ရည်းစားဦးကာ အမြဲဖွင့်ပြလေ့ရှိ၏။ အိတ်ထဲတွင် ပါသောစာများကိုထုတ်ကာ ဖတ်လေ့ရှိ၏။ သူ့ရည်းစားကပင် ပေးသလိုလို။ ယုန်ထင်ကြောင်ထင်အောင် လုပ်တတ်ပါပေ့။ အချို့က ယုံ၏။ အချို့က မယုံ။

၎င်း၏အကြောင်း မောင်လူအေး အသိဆုံးဖြစ်လေသည်။ အဘယ်ကြောင့်နည်း။ ၎င်းအတွက် စာများကို မောင်လူအေးက ရေးပေးရသောကြောင့်တည်း။ မောင်လူအေး ရေးပေးရသော စာများလည်း မရေတွက်နိုင်ပြီ။ တစ်စောင်ကိုမျှလည်း မိန်းကလေးတို့အား ချစ်စိန် မပေးဝံ့။ မောင်လူအေး ရေးပေးသမျှစာများမှာ ချစ်စိန်၏ အင်္ကျီအိတ်၊ ချစ်စိန်၏ လက်ထဲမှာပင် အဆုံးဘဝသို့ ရောက်ကြရရှာပေ၏။ မောင်လူအေးမှာ မိမိကိုယ်တိုင် ရည်းစားစာ ရေးသားတတ်သောကြောင့် ချစ်စိန်အား ရေးပေးသည်မဟုတ်။ မေတ္တာစာပေါင်းချုပ်ဆိုသော စာအုပ်ဟောင်းကလေးတစ်အုပ်ကို မိမိ၏အဘိုးစာအုပ်များထဲမှ ရထားသောကြောင့် တစ်စောင်ပြီးတစ်စောင်၊ တစ်မျိုးပြီးတစ်မျိုး ချစ်စိန်အား ရည်းစားစာအများ ရေးပေးနိုင်ခြင်းဖြစ်လေသည်။

ယခုကား တင်သာ၊ ငမဲ၊ စံရှင်း၊ ဘကြီးမှစ၍ အားလုံးသော ငယ်ကျွမ်းတို့ သားမယားရကုန်ကြလေပြီ။ ချစ်စိန်မှာကား လူပျိုလုပ်တုန်းပင်။ ဘယ်တော့များမှ မယားရမည်မသိ။ အချိန်လည်း ကုန်ခဲ့ပြီ။ လူပျိုကြီးဘဝနှင့်ပင် အရိုးထုတ်မည်ထင့်။

ငယ်ငယ်တုန်းက မောင်လူသေး။ မောင်လူအေး၊ မောင်လူထွေး (တည်းဟူသော) ညီအစ်ကို သုံးယောက်သား မီးဖိုဘေး ဝရန်တာလေးပေါ်တွင် နံနက်တိုင်း၊ ညနေတိုင်း သံဇလုံကလေး တစ်လုံးစီနှင့် အတူတူထိုင်ကာ ထမင်းစားခဲ့ကြသည်များကိုလည်း မောင်လူအေး သတိမရဘဲ မနေနိုင်။ အစ်ကိုကြီး မောင်လူသေးက နာမည်နှင့်လိုက်အောင်ပင်သေး၏။ စိတ်ကလည်းလေး၏။ နှေးလည်းနှေး၏။ ညီအငယ်ဆုံး မောင်လူထွေးကား အားခွန်နှင့်ပြည့်စုံ၏။ စိတ်မှာလည်းခက်ထန်ဘိ၏။ မောင်လူအေးကား မပျော့မမာ။ မရွှီမဆရာဖြစ်ရကား ခပ်အေးအေးပင် နေတတ်၏။

သုံးယောက်သား ထမင်းစားနေခိုက် ရသမျှသော ငါးကြော်၊ ငါးကင်၊ ငါးဟင်းများကို မောင်လူထွေးသည် ချက်ချင်းပင် ကုန်အောင်စားလိုက်ဘိ၏။ မောင်လူသေးကား နှေးနှေးကွေးကွေး စ၍မျှမစားသေး။ လူထွေးမြင်လျှင် လူသေး၏ ဟင်းတွေ ငါးကြော်တွေကို နှိုက်၍စား၏။ ရန်ပွဲစလေပြီ။ ထမင်းတွေကိုဆုပ်၍ ပေါက်ကြလေပြီ။ သံဇလုံများဖြင့် ပေါက်ကြလေပြီ။ မောင်လူအေးဆီသို့ ဆက်၍ သွားပြန်လေပြီ။ သုံးယောက်စလုံး ငိုသူငို၊ လူကြီးများအား တိုင်သူတိုင်၊ ဘွားဒွေးက ကြိမ်လုံးစာတစ်ချက်စီ ကျွေးလိုက်မှ ရန်ပွဲအေးလေတော့သည်။

ယခုကား ယခုကား ယခုကား လူကြီးပီပီ၊ ဝန်ထောက်ပီပီ၊ ဣန္ဒြေရရ ထမင်းပွဲတွင် ထိုင်ကြပေ၏။ ထမင်းစားခန်းရှိ ထမင်းစားပွဲ တစ်ဖက်တွင် ကိုလူသေးမှာ သိက္ခာကြီးစွာနှင့် ထိုင်နေပေ၏။ ၎င်းနှင့်ကပ်လျက်ကား ၎င်း၏ဇနီး မစိန်မာတည်း။ ၎င်းတို့နှင့် မျက်နှာချင်းဆိုင်ထိုင်နေသူတို့ကား မောင်လူအေးနှင့် ခင်သန်းမြင့်ကလေး။ တစ်ဖက်သော အစွန်းတွင်ကား မောင်လူထွေးနှင့် ဇနီး မအေးတို့။ ကျန်တစ်ဖက်တွင်ကား မောင်လူအေးတို့၏ အစ်မကြီး မခင်မေနှင့် မိခင်ဒေါ်မြ၊ ဦးလေး ဦးသောင်းတို့ မဟုတ်ပါလော။ ၎င်းတို့အနီး ကြမ်းပြင်ပေါ်တွင် ထိုင်ကာ ထမင်းစားနေသူတို့ကား မောင်လူထွေး၏သားကလေး မောင်အောင်ကြီးနှင့် သမီးကလေး ခင်ခင်အေးတို့ ဖြစ်ပါသည်။

ရုံးပိတ်ရက်အတွင်း ကွဲကွာနေကြသော မိသားတစ်စုတို့ စည်းဝေးကာ မိခင်အိမ်၌ ပျော်ပွဲကြီးခင်းကာနေကြသော အခါကောင်းမဟုတ်ပါလော။ မိခင်ကား သားများ၊ သမီးများ၏ မျက်နှာကိုကြည့်ကာ ရွှင်ရွှင်ပြုံးပြုံး ရွှေတုံးကြီးများရသကဲ့သို့ ဖြစ်နေ၏။ ဤသို့ ပျော်ရွှင်နေခိုက်တွင် မောင်လူအေးက "ငါတို့ငယ်ငယ်တုန်းက ငါးကြော်လုကြလို့ ထမင်းနှင့်ပေါက်ကြသလို ပေါက်ကြဦးစို့လား"ဟု ပြောလိုက်ရာ တစ်ဝိုင်းလုံး ဝါးခနဲ ရယ်ကြလေ၏။ ရယ်၍မဆုံးမီ မောင်လူသေးက "အခု ပေါက်ကြရင် ဆုံးမဖို့ ဘွားဒွေးမှ မရှိတော့ဘဲ"ဟု ဆိုလိုက်ပြန်၏။

မောင်လူထွေးက တစ်ဖန် "ဘွားဒွေးကို လွမ်းသေးတော့ကွယ်။ သူများအခုနှယ် မြင်ရင် ဘယ့်ကလောက် ဝမ်းသာမလဲ"လို့။ ။

**၁၉၃၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ဒဂုန်မဂ္ဂဇင်း။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ချမ်းမြေ့လမ်း၊ အမှတ် (၂၁)ဟုခေါ်တွင်သည့် အကွက်အမှတ်(၁၁)၊ မြို့မတောင်ကွက်၊ မြေကွက်အမှတ်(၇၆)၊ ပေ(၂၀x၆၀) အကျယ်ရှိ ဒေါ်မာရီရပွါး အမည်ဖြင့် ချထားပေးသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မာလာနွယ်(ဘ) ဦးဆလင်း [၁၂/မဂတ(နိုင်)၀၀၁၀၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးသန့် [၁၂/သလန(နိုင်)၀၇၃၀၀၆]၊ ဒေါ်တင်တင်စန်း [၁၂/သလန(နိုင်) ၀၈၂၅၈၀] တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

